စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၃/၂၀၂၂**

**၂၀၂၂ ခုနှစ်၊ မတ်လ သတင်းခေါင်းစဉ်များ**

## ပြည်တွင်းဈေးကွက်

- ဧရာဝတီတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ
- သရက်ခြံများတွင် ပန်းများလှိုင်လှိုင်ပွင့်အားကောင်းသည့် ယခုအချိန်တွင် ရာသီဥတုဖောက်ပြန်နေသည့်အတွက် သရက်ခြံတောင်သူများ အထူးဂရုပြုဆောင်ရွက်သင့်

## နိုင်ငံတကာဈေးကွက်

- အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်
- ဩစတြေးလျနိုင်ငံ၏ မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်တင်ပို့မည်
- တောင်အာဖရိကနိုင်ငံ သကြားအဖွဲ့အစည်းက အစိုးရထံ ပြည်တွင်းသကြားထုတ်လုပ်သူများအား ကတိကဝတ်ပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရန်တောင်းဆိုခြင်း
- စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှစည်းကြပ်ကောက်ခံလျက်ရှိသောအခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံသွားမည်
- ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင်ကုန်ဈေးနှုန်းများမြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့

## ပြည်တွင်းကုန်သွယ်မှုသတင်း

- လာမည့်ငါးသားပေါက်ရာသီကို ဧပြီ၊ မေ၊ ဇွန်လများအစား မူလသတ်မှတ်ချက်ဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို သတ်မှတ်ပေးရန် တင်ပြထားဆဲဖြစ်ကြောင်းသိရ
- အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်သည့် မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားမည်
- ရခိုင်ပြည်နယ်၌ ငါးသလောက်မျိုးစိတ် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးဇရိယာနှင့် ကာလသတ်မှတ်
- မတ်လ ၁ ရက်မှစတင်၍ စားသောက်ကုန်အချို့၊ မော်တော်ယာဉ်အပိုပစ္စည်းအချို့နှင့် ကုန်စည်လိုင်း ၈၀၀ ကျော် သွင်းကုန်လိုင်စင် လျှောက်ထားရမည်

## ပြည်ပကုန်သွယ်မှုသတင်း

- တရုတ်နိုင်ငံမှာ တန်ချိန် ၈ သန်းခန့်ထိလိုအပ်နေတဲ့ ပြောင်းချဉ်ဖတ်များ ဆက်လက်တင်ပို့နိုင်ရေးလုပ်ဆောင်နေ
- ပြည်ပနိုင်ငံများက ဝယ်ယူရန်ကမ်းလှမ်းလာမှုကြောင့် ယခုနှစ်တွင် ကြယ်ပဲ ကိုးတန်ခန့်တင်ပို့နိုင်ရန် စီစဉ်နေ

## အထူးဆောင်းပါးများ

- ဂျာမနီနိုင်ငံ၏ထောပတ်သီးဈေးကွက်အားလေ့လာတင်ပြခြင်း

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၈၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.
org
myantradetir2018@gmail. com

# ပြည်တွင်းဈေးကွက်

## ဧရာဝတီတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်သီး လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးမှ စိန်တစ်လုံးသရက်စိုက်ပျိုးသူများ၏ ပြောကြားချက်အရသိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် စိန်တစ်လုံးသရက်သီးများ ရောင်းချရာတွင် ၂၀၂၂ ခုနှစ် သရက်သီးပေါ်စက သရက်သီး ၁၀ လုံးတစ်ဖာလျှင် ကျပ် ၁၇၀၀ မှ ၂၅၀၀ အထိဈေးရှိပြီး ၂၀၂၂ ခုနှစ် သရက်သီး လှိုင်လှိုင်ပေါ်ချိန်တွင် ကျပ် ၃၅၀၀ မှ ၄၅၀၀ ကျပ်အထိရရှိသဖြင့် ကုန်ကျစရိတ်ထက် ပိုမိုရရှိ၍ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်းသိရသည်။ ''ဒီနှစ် စိန်တစ်လုံးသရက်သီးကင်း စတင်သီးချိန်ကတည်းက ပွဲစားတွေရွာအထိဆင်းပြီး ခြံပြတ်ဈေးဖြတ်ပြီး ဝယ်ယူကြပါတယ်။ အရင်နှစ်တွေက စိန်တစ်လုံးသရက်သီးပွဲစားတွေ လာရောက်ဝယ်ယူမှုမရှိတာကြောင့် သရက်သီးဈေးကွက်မကောင်းဘဲ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်'' ဟု မအူပင်မြို့နယ်မှ စိန်တစ်လုံးသရက် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးနေဇော်ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ မအူပင်၊ ကျိုက်လတ်၊ ညောင်တုန်း၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း စသည့်ဒေသများနှင့် ပတ်ဝန်းကျင်ဒေသများဖြစ်သော ဘိုကလေးနှင့် မော်လမြိုင်ကျွန်းဒေသတို့၌လည်း စိန်တစ်လုံးသရက်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ပြီးခဲ့သည့်နှစ် စိန်တစ်လုံးသရက်သီးမှည့်ချိန် ဇွန်၊ ဇူလိုင်လတို့တွင် သရက်သီးဈေးနှုန်းကျဆင်းသဖြင့် ရသည့်ဈေးဖြင့်သာရောင်းချခဲ့ရကြောင်း စိန်တစ်လုံး သရက်ခြံလုပ်ငန်းရှင်များထံမှ သိရသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော စိန်တစ်လုံးသရက်သီးများကို ပုသိမ်ဈေးကွက်အပြင် ရန်ကုန်နှင့်နေပြည်တော်တို့သို့လည်း တင်ပို့ရောင်းချနေကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/22367

## သရက်ခြံများတွင် ပန်းများလှိုင်လှိုင်ပွင့်အားကောင်းသည့် ယခုအချိန်တွင် ရာသီဥတုဖောက်ပြန်နေသည့်အတွက် သရက်ခြံ တောင်သူများ အထူးဂရုပြုဆောင်ရွက်သင့်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံများတွင် ပန်းများလှိုင်လှိုင်ပွင့်အားကောင်းနေသည့် ယခုအချိန်ကာလ၌ ရာသီဥတုဖောက်ပြန်နေသည့်အတွက် သရက်တောင်သူများအနေဖြင့် အထူးဂရုစိုက် ဆောင်ရွက်သင့်ကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်မင်းနိုင်က ပြောသည်။

ယခုအချိန်ကာလသည် ရာသီဥတုဖောက်ပြန်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်မှုကြောင့် သရက်ခြံတောင်သူများအနေဖြင့် ဂရုတစိုက်ဆောင်ရွက်သင့်ကြောင်း၊ ပန်းပွင့်သည့်အချိန်ကာလတွင် မိုးရွာသွန်းပါက သရက်သီးများတွင် ပွင့်ကပ်ခြင်း၊ ဖြတ်ပိုးကျခြင်းနှင့် မှိုရောဂါ ကျတတ်ခြင်းတို့ဖြစ်ပေါ်တတ်သောကြောင့် ယခုအချိန်ကာလတွင် သရက်တောင်သူများအနေဖြင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးပြီး အသီးတင်နှုန်းမကျစေရန် ဆောင်ရွက်ပေးသင့်ကြောင်း သိရသည်။

“သရက်တောင်သူတွေအနေနဲ့ သင်္ကြန်ကာလ နီးလာပြီဖြစ်တဲ့အတွက် မိုးရွာသွန်းမှုတွေ၊ လေပြင်တိုက်ခတ်တာတွေ ဖြစ်ပေါ်လေ့ရှိတာကြောင့် သရက်ခြံတွေကိုဂရုစိုက်ဖို့လိုပါတယ်။ သရက်က ဒီနှစ်မှာ ပန်းပွင့်တာ ညီပြီးများပါတယ်။ အထွက်နှုန်းလည်းများမယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ မိုး၊ လေ ရှိနေတာကြောင့် သရက်သီးက ပန်းပွင့်သလောက် တင်ခဲပါတယ်။ ဒါကြောင့် သရက်တောင်သူတွေအနေနဲ့ ပန်းပွင့်တဲ့အချိန်မှာ မိုးအုံ့ခြင်းတွေ မိုးရွာသွန်းခြင်းတွေဖြစ်ရင် ရောဂါပိုးတွေကျတတ်တာကြောင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေဖျန်းပေးမယ်ဆိုရင် အသီးတင်နှုန်းကျန်နိုင်ပါတယ်။ ဒီနှစ် အထွက်နှုန်းကောင်းမယ်။ ရာသီဥတုနဲ့ မိုးလေဝသကိုတော့ ကြည့်ပြီးဆုံးဖြတ်ရမှာပါ။ နှစ်တိုင်းကတော့ ဖေဖော်ဝါရီလကနေစပြီး အချိန်အခါမဟုတ် မိုးရွာတာကို ကြုံတွေ့ရတတ်ပါတယ်။ သရက်ခြံတောင်သူတွေအနေနဲ့ အထူးဂရုစိုက်ကြဖို့လိုပါတယ်” ဟု ၎င်းကရှင်းပြသည်။

သင်္ကြန်ကာလနီးပြီဖြစ်၍ သရက်ခြံတောင်သူများအနေဖြင့်ဂရုတစိုက်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အရည်အသွေးကောင်းသည့် သရက်သီးဈေးကွက်ရှိသည့်အပြင် ပြည်တွင်း၌ သရက်သီးကို ရာသီစာအဖြစ် စားသုံးမှုများပြားကြသည့်အတွက် ပို၍ဂရုစိုက်နိုင်ပါက ကောင်းမွန်သည့်ဈေးကွက်ကို ရလာနိုင်မည်ဖြစ်ကြောင်း၊ သရက်ဈေးကွက်အနေဖြင့် တရုတ်နိုင်ငံသို့ အဓိကအားထားရောင်းချရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းလာမည်ဆိုပါက မျှော်လင့်ချက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချသည့် အသီးများမှာ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ မယ်သီ၊ ရင်ကွဲသီးနှင့် မချစ်စု စသည့်အသီးများ ဖြစ်ကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ (၂၄.၂.၂၀၂၂)

# နိုင်ငံတကာဈေးကွက်

## အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း HS Code 07133190 အောက်ရှိ ပဲတီစိမ်း (Moong [Beans of the SPP Vigna Radiata (L.) Wilczek] ) တင်သွင်းခွင့်အား လွတ်လပ်စွာ တင်သွင်းကုန်အဖြစ်မှ ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကြေညာချက်ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မှုရှိစေမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည့်အမိန့်ကြော်ငြာစာအမှတ် S.O.624 (E) ကို ၁၁.၂.၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဌာနက ထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ အမိန့်ထုတ်ပြန်ခဲ့မှုနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁၆.၂.၂၀၂၂ ရက်စွဲပါ စာအမှတ် Com-31/2/2022 (376) ဖြင့် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနသို့ လိပ်မူပေးပို့သည့်မေတ္တာရပ်ခံစာအား အိန္ဒိယနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဤသံရုံးမှ ထပ်ဆင့်ပေးပို့ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဌာန (DGFT) သည် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ စာချုပ်ချုပ်ဆိုထားရှိသော အိန္ဒိယသို့ ပဲတီစိမ်း တင်သွင်းမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၂၈.၂.၂၀၂၂ ရက်နေ့တွင် ကုန်သွယ်ရေးအသိပေးချက်အမှတ် 37/2021-22 ဖြင့် လက်အောက်ဌာနများနှင့် အကောက်ခွန်ကော်မရှင်နာရုံးများသို့ ထုတ်ပြန်အကြောင်းကြားခဲ့ပါသည်။

အဆိုပါညွှန်ကြားစာတွင် အိန္ဒိယအစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် S.O. 624(E) ထုတ်ပြန်မှုအပေါ် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ပဲတီစိမ်းတင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်ဖိုးငွေအပြေပေးချေပြီးမှု၊ တစ်ပိုင်းတစ်စပေးချေထားရှိမှုနှင့် စာချုပ်စာတမ်းများအရ ငွေပေးချေရန်ကျန်မှုများ ဖော်ပြပါရှိသည့် နယ်ပယ်အသီးသီးထံမှ တောင်းဆိုချက်များကို လက်ခံရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား တင်သွင်းရန်စာချုပ်ချုပ်ဆိုထားရှိမှုနှင့် စပ်လျဉ်း၍ DGFT သည် အောက်ပါစည်းကမ်းချက် များနှင့်အတူ တင်သွင်းခွင့်ပြုရန်ဖြေလျှော့ပေးလိုက်ကြောင်း ဖော်ပြထားပါသည်-

(က) တင်သွင်းခွင့်ရရှိမည့် ပမာဏသည် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ကြိုတင်ပေးချေထားသည့် ကုန်စည်တန်ဖိုးနှင့် အချိုးကျညီညွတ်မှုရှိရမည်။ အကယ်၍ စာချုပ်ပါအရေအတွက်အတိုင်း ကုန်ဖိုးငွေအပြည့်အဝပေးချေပြီးပါက ၎င်းပမာဏအတိုင်းတင်သွင်းခွင့်ရမည်ဖြစ်သည်။ အကယ်၍တစ်ပိုင်းတစ်သာငွေပေးချေပြီးပါက ၎င်းကြိုတင်ငွေနှင့် အချိုးညီသည့် ကုန်စည်ပမာဏကိုသာ ခွင့်ပြုရန်ကန့်သတ်သည်။

(ခ) စာရွက်စာတမ်း အထောက်အထားများ တင်သွင်းရာတွင် ငွေပေးချေထားကြောင်းသက်သေခံမည့် အရောင်းစာချုပ်၊ ကုန်အမှာစာ၊ ငွေလက်ခံရရှိသည့်ဘဏ်မှ ထုတ်ပေးသော SWIFT transaction စနစ်ဖြင့် ငွေပေးပြေစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ ပါရှိရမည်။

(ဂ) ပဲတင်သွင်းရန်စာချုပ်များသည် အမိန့်ကြော်ငြာစာအမှတ် S.O.624(E) ထုတ်ပြန်သည့်နေ့မတိုင်မီ ချုပ်ဆိုထားခြင်းဖြစ်ရမည်။ ထို့အပြင်ငွေပေးချေမှုသည်လည်း ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ဆောင်ရွက်ထားခြင်းဖြစ်ရမည်။

(ဃ) အချိုးကျတင်သွင်းမည့် ကုန်စည်ပမာဏသည် အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်မှုမတိုင်မီ အကျိုးသက်ရောက်မှုမရှိကြောင်း တင်သွင်းခွင့်လျှောက်ထားသူက တာဝန်ယူရမည်။

(င) ယခုကဲ့သို့ တင်သွင်းရန်ခွင့်ပြုချက်သည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ၃၁.၃.၂၀၂၂ နေ့မတိုင်မီ သို့မဟုတ် ၎င်းနေ့ရက်နောက်ဆုံးထား၍ ထုတ်ပေးသော ကုန်ပို့လွှာ (Bill of Lading) အတွက်သာဖြစ်ရမည်။ သက်တမ်းတိုးမြှင့်ပေးရန် မည်သည့်တောင်းဆိုမှုကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

အိန္ဒိယရှိ ပဲတီစိမ်းတင်သွင်းသည့် ကုန်သည်များအနေဖြင့် အထက်ဖော်ပြပါ အရောင်းအဝယ်စာချုပ်များအတွက် Delhi, Mumbai,Kolkata, Chennai, Bengaluru, Hyderabad, Ahmedabad နှင့် Ludhiana တို့ရှိ DGFT ဒေသဆိုင်ရာရုံးများတွင် ၁၅.၃.၂၀၂၂ နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ ၎င်းရုံးများအနေဖြင့် အချက်အလက်ပြည့်စုံသည့်အမှုတွဲအား လက်ခံရရှိချိန်မှ ၃ ရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းသိရှိရပါသည်။

Source: နေအေးလွင်- စီးပွားရေးသံမှူး

## ဩစတြေးလျနိုင်ငံ၏ မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်တင်ပို့မည်

ဩစတြေးလျနိုင်ငံ၏မက်မွန်သီးများကို ဆယ်စုနှစ်တစ်ခုအတွင်း ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်တင်ပို့တော့မည်ဖြစ်ကြောင်း ABC သတင်းကရေးသားဖော်ပြထားသည်။ ဗီယက်နမ်အာဏာပိုင်များသည် နိုင်ငံတွင်းသို့ ပိုးမွှားနှင့်ရောဂါများဝင်ရောက်ခြင်းမှကာကွယ်ရန် အပင်ပိုးမွှားသဘောတူညီချက် (photosanitary protocol) လိုအပ်ကြောင်း ဆုံးဖြတ်ပြီးနောက် ဩစတြေးလျနိုင်ငံနွေရာသီသစ်သီးစိုက်ပျိုးသူများသည် လွန်ခဲ့သည့်(၁၀)နှစ်က ဗီယက်နမ်နိုင်ငံဈေးကွက် ဝင်ရောက်ခွင့်ဆုံးရှုံးခဲ့ရသည်။

နွေရာသီသစ်သီးဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ Ian McAlister က ဈေးကွက်ပြန်လည် ဖွင့်လှစ်ခြင်းသည် လုပ်ငန်းကဏ္ဍအတွက် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ကြောင်းနှင့် ဩစတြေးလျနှင့် ဗီယက်နမ်နိုင်ငံ အစိုးရများအကြား သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားသော်လည်း လုပ်ငန်းအစီအစဉ် အသေးစိတ်မပြီးမချင်း မက်မွန်သီးများကို တင်ပို့၍မရနိုင်ကြောင်း၊ မတ်လနှင့် ဧပြီလများတွင် ကုန်သွယ်မှုပမာဏ အနည်းငယ်ရှိနိုင်သော်လည်း လာမည့်နှစ်အစောပိုင်းတွင် တင်ပို့မှုအများအပြား ရှိလာနိုင်ကြောင်း Mr McAlister က ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးဝန်ကြီး David Littleproud က လာမည့်လများအတွင်း အစမ်းတင်ပို့မှုများ ပြုလုပ်နိုင်ရန် လုပ်ငန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗီယက်နမ်သည် ဩစတြေးလျ အဆင့်မြင့်ထုတ်ကုန်များအတွက် ဦးစားပေးဈေးကွက်ဖြစ်ပြီး နည်းပညာဆိုင်ရာညှိနှိုင်းမှုများပြီးမြောက်ပါက မက်မွန်သီးများသည် တန်ဖိုးရှိသော ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဩစတြေးလျအစိုးရ၏ လယ်ယာထွက်ကုန်တိုးချဲ့မှုအစီအစဉ်သည် ဗီယက်နမ်တွင် ဈေးကွက်ရရှိရေးရလဒ်များကို အရှိန်မြှင့်တင်ရန် ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးပေးနိုင်ခဲ့သော်လည်း လုပ်ငန်းကဏ္ဍကိုယ်စားလှယ်များက မျက်နှာချင်းဆိုင်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါက လုပ်ငန်းများပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ နည်းပညာဆိုင်ရာကိုယ်စားလှယ်များ ဩစတြေးလျသို့ မလာရောက်မီ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအစည်းအဝေးတွင် ကုန်သွယ်မှုပြန်လည်စတင်နိုင်ရန်အတွက် အစီအစဉ်များကို အပြီးသတ်ရန်ရှိခဲ့ သော်လည်း ယင်းအစားဆွေးနွေးညှိနှိုင်းမှုများကို Video Conferencing ဖြင့်ပြုလုပ်ခဲ့ရကြောင်းသိရှိရသည်။ ဗီယက်နမ်နိုင်ငံနှင့် ဆောင်ရွက်မည့်သဘောတူညီချက်သည် တရုတ်ဈေးကွက်အတွက် ချမှတ်ထားသည့်အရာနှင့် တူညီကြောင်းနှင့် သဘောတူညီချက်တွင် ဆီးသီးနှင့် တရုတ်ဆီးသီး (apricots) တင်ပို့မှုများ အကျုံးမဝင်ကြောင်း သိရှိရသည်။ Source: www.abc.net.au

Source: ရှင်စောသု –မြန်မာစီးပွားရေးသံမှူး၊ ကင်ဘာရာမြို့

## တောင်အာဖရိကနိုင်ငံ သကြားအဖွဲ့အစည်းက အစိုးရထံ ပြည်တွင်းသကြားထုတ်လုပ်သူများအား ကတိကဝတ်ပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရန်တောင်းဆိုခြင်း

တောင်အာဖရိကနိုင်ငံသမ္မတ Ramaphosa က ယခုနှစ် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားရာ၌ အစိုးရဌာနများနှင့်နိုင်ငံအဆင့်အဖွဲ့အစည်းများအနေဖြင့် တောင်အာဖရိကနိုင်ငံ ကြံတန်ဖိုးမြှင့်ကွင်းဆက် အထူးစီမံချက် (The South African Sugarcane Value Chain Masterplan) တွင် ကတိကဝတ် ပြုထားသည့်အတိုင်း ပြည်တွင်းထုတ်သကြားများဝယ်ယူရေးကို အကောင်အထည်ဖော်နိုင်ရန် ကြေညာခဲ့ခြင်းသည် တောင်အာဖရိက သကြားထုတ်လုပ်သူများအတွက် လွန်စွာအရေးကြီးသည်ကို ကြံစိုက်ပျိုးထုတ်လုပ်သူ များအဖွဲ့ ဥက္ကဋ္ဌ Andre Russell ကပြောကြားခဲ့ကြောင်း၊ သမ္မတအနေဖြင့် ယခင်နှစ်တွင်လည်း အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်း များအား ပြည်တွင်းသကြားများဝယ်ယူရေး တွန်းအားပေးခဲ့ကြောင်း၊ သို့သော် အဆိုပါကတိကဝတ်ပြုမှုအား ပုဂ္ဂလိကကဏ္ဍက ပြည်တွင်းသကြားလုပ်ငန်းကို အထောက်အကူပြုစေရန် အကောင်အထည်ဖော်ပေးနိုင်ခဲ့သော်လည်း အစိုးရကဏ္ဍများအနေဖြင့် လက်တွေ့တွင်အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံ ကြံစိုက်ပျိုးသူများအသင်းက သမ္မတ၏ စီးပွားရေးပြန်လည်နာလန်ထူလာစေရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးကို ဆောင်ရွက်နိုင်ရန် ကြံတန်ဖိုးမြှင့်ကွင်းဆက် အထူးစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန် Masterplan တွင် ပါဝင်လက်မှတ်ထိုးထားသည့်အဖွဲ့အစည်းအားလုံးမှ ဆောင် ရွက်ရန်လိုအပ်ကြောင်း၊ အထူးစီမံကိန်းပါ ကတိကဝတ်များကို အကောင်အထည်ဖော်ခြင်းသည် ပြည်ပမှ သကြားတင်သွင်းမှုကြောင့် ပြည်တွင်းစီးပွားရေးနှင့် အလုပ်အကိုင်များကို ခြိမ်းခြောက်နေခြင်းအား ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း၊ အထူးစီမံကိန်း၌ကတိကဝတ် ပြုမှုအရ အကောင်အထည်ဖော်သည့် ပထမနှစ်တွင် ပြည်တွင်းထုတ်သကြား

၁၅၀,၀၀၀ တန်ဝယ်ယူသုံးစွဲနိုင်ရေးနှင့် တတိယနှစ်တွင် တန်ချိန် ၃၀၀,၀၀၀ အထိ ဝယ်ယူသုံးစွဲနိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါရည်မှန်းချက်ပြည့်မီရန် Masterplan က လက်လီရောင်းချသူများ၊ လက္ကားရောင်းချသူများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသုံးပြုသူများအား ပြည်တွင်းထုတ်သကြားကို ၈၀ ရာခိုင်နှုန်းဝယ်ယူရေးနှင့် တတိယနှစ်တွင် ၉၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ဝယ်ယူရန်ဖြစ်ကြောင်း၊ တောင်အာဖရိက ကြံစိုက်ပျိုးသူများက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စားသုံးသူများအနေဖြင့် ပြည်တွင်းသကြားများဝယ်ယူရေးအတွက် “Home Sweet Home” ခေါင်းစဉ်ဖြင့် လှုံ့ဆော်စည်းရုံးမှုတစ်ခုကို ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်မှုကြောင့် ပထမနှစ် ပြည်တွင်းသကြားဝယ်ယူသုံးစွဲနိုင်မှုသည် တန်ချိန် ၂၀၀,၀၀၀ အထိ ရှိခဲ့သည့်အတွက် Masterplan ၏ ပထမနှစ်ရည်မှန်း ချက်ကို ကျော်လွန်ပြည့်မီခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ တတိယနှစ်ရည်မှန်းချက်ကို ပြည့်မီအောင်ကြိုးစားဆောင်ရွက်ရန်ဖြစ် ကြောင်း၊ ထိုသို့အကောင်အထည်ဖော်နိုင်ရန် သမ္မတအနေဖြင့် အစိုးရကကတိကဝတ် ပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရေး သေချာစေရန် လုပ်ဆောင်ရန်လိုအပ်ကြောင်း ကြံအသင်းဥက္ကဋ္ဌ ကပြောကြားထားကြောင်း သိရှိရပါသည်။

Source: https://www.engineeringnews.co.za/article/sugar-organisation-calls-on-government-to-honour-local-commitments-2022-02-09/rep_id:4136

Source: ကျော်ဆန်း-မြန်မာစီးပွားရေးသံရုံး၊ ပရီတိုးရီးယားမြို့

## စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှစည်းကြပ်ကောက်ခံလျက်ရှိသော အခွန်နှုန်းထား များကို တိုးမြှင့်ကောက်ခံသွားမည်

စင်ကာပူအစိုးရ၏ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အစိုးရမှ စည်းကြပ်ကောက်ခံလျက်ရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods & Services Tax - GST)၊ လူပုဂ္ဂိုလ်ဝင်ငွေခွန် (Personal Income Tax)၊ တန်ဖိုးမြင့် မော်တော်ကားများဝယ်ယူအသုံးပြုမှုအပေါ် ပေးဆောင် ရသော အပိုမှတ်ပုံတင်ကြေး (Additional Registration Fee - ARF)၊ ကာဗွန်ခွန် (Carbon Tax)၊ လုပ်ငန်းဝင်ငွေခွန် (Corporate Tax) တို့ကို ပြောင်းလဲကောက်ခံသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီး Mr Lawrence Wong က စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်အား ပါလီမန်သို့ ၁၈ - ၂ - ၂၀၂၂ ရက်နေ့တွင် တင်ပြဆွေးနွေးခဲ့ချိန်၌ ထည့်သွင်းပြောကြားခဲ့ပါသည်။

ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods & Services Tax - GST) ကို လက်ရှိစည်းကြပ် ကောက်ခံနေသည့် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနိုင်ရန် အဆင့်(၂)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ၁-၁ -၂၀၂၃ ရက်နေ့မှစ၍ ၈ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး၊ ဒုတိယအဆင့်အနေဖြင့် ၁ -၁ -၂၀၂၄ ရက်နေ့မှစ၍ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ဤသို့ GST တိုးမြှင့်ကောက်ခံခြင်းဖြင့် အစိုးရ၏ဝင်ငွေသည် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃ဒသမ ၅ ဘီလီယံနီးပါး (စင်ကာပူ၏ GDP ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းခန့်) တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါ သည်။

လူပုဂ္ဂိုလ်များ၏ ဝင်ငွေရရှိမှုအပေါ် ကောက်ခံသည့်အခွန် (Personal Income Tax) ကို ၂၀၂၄ ခုနှစ်၊ အခွန်စည်းကြပ်သည့်နှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ အခွန်စည်းကြပ်သည့်နှစ်မှာ ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့သော လူပုဂ္ဂိုလ်၏ဝင်ငွေအပေါ် သတ်မှတ် နှုန်းထားအလိုက်တွက်ချက်ကောက်ခံခြင်းဖြစ်ပါသည်။ ဝင်ငွေပမာဏ စင်ကာပူဒေါ်လာ ၅ သိန်း အထက်မှ တစ်သန်းအထိရရှိသူများအပေါ် ၂၃ ရာခိုင်နှုန်းနှင့် စင်ကာပူဒေါ်လာတစ်သန်းအထက် ဝင်ငွေရှိသူများအပေါ် ၂၄ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံသွားမည်ဖြစ်ပါသည်။ လက်ရှိတွင် စင်ကာပူ ဒေါ်လာ ၃၂၀,၀၀၀ အထက်ဝင်ငွေရရှိသူများအား သတ်မှတ်ချက်အလိုက် ၂၂ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိပါသည်။ Personal Income Tax တိုးမြှင့်ကောက်ခံသွားမည့်အစီအစဉ်ကြောင့် ဝင်ငွေခွန်ပေးဆောင်နေရသူများအနက်မှ အများဆုံးပေးဆောင်နေရသည့် ထိပ်ပိုင်း ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသော ဝင်ငွေခွန်ပေးဆောင်နေရသူများအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ အစိုးရသည် တစ်နှစ်လျှင် ဝင်ငွေခွန် စင်ကာပူဒေါ်လာ ၁၇၀ သန်း ပိုမိုကောက်ခံသွားနိုင်မည်ဟု ခန့်မှန်းထားပါသည်။

အိမ်ရာအဆောက်အအုံပိုင်ဆိုင်မှုအပေါ်စည်းကြပ်ကောက်ခံသောအခွန် (Residential Property Tax) ကိုလည်း ၂၀၂၃ ခုနှစ်မှစ၍ တိုးမြှင့်ကောက်ခံမည်ဖြစ်ပါသည်။ ပိုင်ရှင်နေထိုင်အသုံးပြုမှု မရှိသောအိမ်ရာအဆောက်အအုံများ (Non-owner-occupied residential properties) အား လက်ရှိ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း စည်းကြပ်ကောက်ခံနေရာမှ ၁၂ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းအတွင်း ကောက်ခံသွားမည်ဖြစ်ပါသည်။ ထို့ပြင်တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၀,၀၀၀ အထက် တန်ဖိုးရှိသည့် ပိုင်ရှင်နေထိုင်အသုံးပြုမှုရှိသော အိမ်ရာအဆောက်အအုံများ (Owner-occupied residential properties) အား လက်ရှိ

၄ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအတွင်း စည်းကြပ်ကောက်ခံနေရာမှ ၆ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအတွင်း တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ပါသည်။ ထိုသို့ အခွန်တိုးမြှင့်ကောက်ခံခြင်းမှ တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၈၀ သန်းခန့် ရရှိမည်ဖြစ်ပါသည်။

တန်ဖိုးမြှင့်မော်တော်ကားများ ဝယ်ယူအသုံးပြုမှုအပေါ်ပေးဆောင်ရသော အပိုမှတ်ပုံတင်ကြေး (Additional Registration Fee – ARF) အသစ်တစ်ခုကိုလည်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံမှုမပြုမီ မော်တော်ကား၏ တန်ဖိုး (Open Market Valve – OMV) သည် စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်ပါက စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်သော တန်ဖိုးအပေါ် ၂၂၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ပါသည်။ လက်ရှိတွင် OMV တန်ဖိုး စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်ပါက စင်ကာပူဒေါ်လာ ၅၀,၀၀၀ ကျော်သောပမာဏအပေါ် ၁၈၀ ရာခိုင်နှုန်းကောက်ခံလျက်ရှိပါသည်။ ယင်းကဲ့သို့ အပိုမှတ်ပုံတင်ကြေး ထပ်မံကောက်ခံခြင်းဖြင့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာသန်း ၅၀ ပိုမိုရရှိမည်ဖြစ်ပါသည်။

စင်ကာပူအစိုးရသည် လက်ရှိတွင် ကာဗွန်ခွန် (Carbon Tax) ကို ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တစ်တန်လျှင် စင်ကာပူဒေါ်လာ ၅ ဒေါ်လာနှုန်းဖြင့် ကောက်ခံလျက်ရှိပြီး၊ ၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူဒေါ်လာ ၅၀ မှ ၈၀ အထိ တိုးမြှင့်ကောက်ခံသွားနိုင်ရန်အတွက် အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Carbon Tax ကို ၂၀၂၄ ခုနှစ်မှစ၍ တစ်တန်လျှင် စင်ကာပူဒေါ်လာ ၂၅ ကောက်ခံမည်ဖြစ်ကာ ၂၀၂၆ ခုနှစ်မှစ၍ စင်ကာပူဒေါ်လာ ၄၅ သို့ တိုးမြှင့် ကောက်ခံမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေအပေါ်ကောက်ခံသည့် လုပ်ငန်းဝင်ငွေခွန် (Corporate Tax) ကိုမူ ကမ္ဘာလုံးဆိုင်ရာ အခွန်ကောက်ခံမှုစနစ် တိုးတက်ပြောင်းလဲမှုအခြေအနေများအပေါ်မူတည်၍ လေ့လာမှုများဆက်လက်ပြုလုပ်ကာ ပြောင်းလဲကောက်ခံသွားရန် အဆင်သင့်ဖြစ်မည့် အချိန်တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်စာရင်းအရ ဝင်ငွေစုစုပေါင်းမှာ စင်ကာပူဒေါ်လာ ၁၀၅.၇၁ ဘီလီယံရှိပြီး၊ အသုံးစရိတ် စုစုပေါင်း စင်ကာပူဒေါ်လာ ၁၀၈ ဒသမ ၇၅ ဘီလီယံရှိသည့်အတွက် ဘတ်ဂျက်လိုငွေ စင်ကာပူဒေါ်လာ ၃.၀၄ ဘီလီယံပေါ်ပေါက်လျက်ရှိကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ် ။ ။ Ministry of Finance, Singapore, The Straits Times

Source: မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့

## ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့

ယူကရိန်းနယ်စပ်တစ်ဝိုက်တွင် ရုရှား၏ စစ်ရေးအင်အား တိုးချဲ့မှုစတင်ခဲ့သည့်အချိန်မှစ၍ သွင်းကုန်အပေါ် အဓိကအားထားနေရသည့် ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်လာနိုင်မှုကို စိုးရိမ်မှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနှင့်ယူကရိန်းအကြား စစ်ပွဲဖြစ်ပွားမှုကြောင့် ရေနံစိမ်းနှင့်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းကြပါသည်။

ရုရှား-ယူကရိန်းပြဿနာသည် တိုကျိုစတော့ရှယ်ယာဈေးကွက်အပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေပြီး လတ်တလောရှိခဲ့သည့် နစ်ကေးရှယ်ယာအညွှန်းကိန်း ၂၇,၀၀၀ ၏ အောက်သို့ ကျဆင်းကာ ၂၆,၀၀၀ ခန့်တွင် ရပ်တည်နေနိုင်ကြောင်း စတော့ရှယ်ယာဆောင်ရွက်သူများက ခန့်မှန်းထားပါသည်။

အမေရိကန်နှင့်မဟာမိတ်နိုင်ငံများက ရုရှားအားတုန့်ပြန်သောအားဖြင့် ဓာတ်ငွေ့၊ ရေနံနှင့် အခြားစွမ်းအင် ထောက်ပံ့မှုများကို ဖြတ်တောက်ရန် တွန်းအားပေးသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ပထဝီနိုင်ငံရေး တင်းမာမှုများသည် မကြာသေးမီက ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့်ဖြစ်သည်ဟု Mitsubishi UFJ Morgan Stanley Securities Co. မှ အကြီးတန်း ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာဆိုင်ရာ သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ အမြတ်အစွန်းရရှိမှုသည် ကျဉ်းမြောင်းသွားနိုင်ပြီး ကုန်ပစ္စည်းဈေးနှုန်းများ တိုးမြှင့်ရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလာနိုင်ကြောင်း၊ ယူကရိန်းအကျပ်အတည်းသည် လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်အသစ်တွင် ဂျပန်ကုမ္ပဏီအချို့အား ၎င်းတို့၏ အမြတ်အစွန်းအလားအလာများကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးစေလိမ့်မည်ဟု Norihiro Fujito က သုံးသပ်ခဲ့ပါသည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့အကြား သဘောထားတင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ အနာဂတ်ရေနံစိမ်းဈေးနှုန်းများသည် ၁ ကီလိုလီတာလျှင် ယန်း ၆၂,၉၂၀ (အမေရိ ကန်ဒေါ်လာ ၅၅၀ ခန့်) အထိ တိုကျိုကုန်စည်ဈေးကွက်တွင် ယခု ဖေဖော်ဝါရီလဝက်ခန့်တွင် စတင်မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရပါသည်။

ခေတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာမြင့်တက်မှုမှ ကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်ဝန်ကြီးချုပ် Fumio Kishida ဦးဆောင်သည့်အစိုးရအဖွဲ့သည် ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ဂျပန်နိုင်ငံမှ ရေနံအသင်းအနေဖြင့် ရုရှား-ယူကရိန်းစစ်ပွဲ၏ သက်ရောက်မှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်နေပြီး အစိုးရအား ရေနံကဏ္ဍဆိုင်ရာပံ့ပိုးမှု အစီအစဉ်များကို ထပ်မံဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။

ဂျပန်အနေဖြင့် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ၄ ရာခိုင်နှုန်းခန့်သာတင်သွင်းနေသော်လည်း ဂျပန်နိုင်ငံ ရေနံအသင်း၏ အကြီးအကဲဖြစ်သူ Tsutomu Sugimori က ကမ္ဘာ့ရေနံစိမ်း၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရုရှားနိုင်ငံမှ တင်ပို့နေခြင်းဖြစ်သဖြင့် ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုနှင့်ရောင်းလိုအားကို ကန့်သတ်လိုက်မည်ဆိုပါက ဈေးနှုန်းအပေါ် များစွာသက်ရောက်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

ထို့အပြင် ယူကရိန်းနိုင်ငံသည် ဂျုံနှင့်ပြောင်းအပါအဝင် ကောက်ပဲသီးနှံများကို ထိပ်တန်းထုတ်လုပ်တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းစစ်ပွဲ၏အကျိုးဆက်ကြောင့် ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများအဖြစ် သက်ရောက်စေနိုင်သည်ဟု စီးပွားရေးသုတေသီများက သုံးသပ်ကြပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ယူကရိန်းနိုင်ငံရှိ မြေယာများ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုဆောင်ရွက်နေကြောင်း သိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေနံစိမ်းနှင့် ဂျုံတင်သွင်းမှုအပေါ် အဓိကမှီခိုနေရသည့်အတွက် အဆိုပါကုန်ပစ္စည်းများ ဈေးတက်လာခြင်းသည် ဂျပန်ကုမ္ပဏီများအပေါ် တိုက်ရိုက်ထိခိုက်မည့် သက်ရောက်မှုများ ရှိလာမည်ဟု သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ၌ Cup Noodle နှင့် အခြား ခေါက်ဆွဲခြောက်ထုတ်ကုန်များ ထုတ်လုပ်သည့် Nissin Food Products Co. သည် လာမည့် ဇွန်လ ၁ ရက်နေ့မှစ၍ ၎င်း၏ထုတ်ကုန်များ၏ဈေးနှုန်းကို ယန်း ၁၈၀ ခန့် တိုးမြှင့်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ကြေငြာခဲ့ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကတည်းက ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်လာမှုများကြောင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များ လျော့ကျသွားစေနိုင်မည့်အလားအလာရှိကြောင်း Nomura Securities Co. မှ Maki Sawada က သုံးသပ်ပြောကြားခဲ့ပါသည်။ **ရင်းမြစ်။** https://japantoday.com/

Source: နန္ဒာဝင်း-စီးပွားရေးသံမှူး- မြန်မာသံရုံး၊ တိုကျိုမြို့

## ပြည်တွင်းကုန်သွယ်မှုသတင်း

### လာမည့်ငါးသားပေါက်ရာသီကို ဧပြီ၊ မေ၊ ဇွန်လများအစား မူလသတ်မှတ်ချက်ဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို သတ်မှတ်ပေးရန် တင်ပြထားဆဲဖြစ်ကြောင်းသိရ

လာမည့်ငါးသားပေါက်ရာသီကို ဧပြီ၊ မေ၊ ဇွန်လများအစား မူလသတ်မှတ်ချက်ဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို သတ်မှတ်ပေးရန် တင်ပြထားဆဲဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငါးမဖမ်းရရာသီကို တစ်နှစ်လျှင် တစ်လစီ ရှေ့သို့တိုးပြီး ပိတ်သွားရန် စီစဉ်ထားရာ ၂၀၂၂ ခုနှစ် ငါးသားပေါက်ရာသီမှာ ဧပြီ၊ မေ၊ ဇွန်လများ၌ ကျရောက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအချိန်ကာလများမှာ ပွင့်လင်းရာသီအချိန်အခါ အများစုဖြစ်နေသောကြောင့် ငါးဖမ်းလှေများက မိုးရာသီဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများကို ပြန်လည်သတ်မှတ်ပေးရန် လိုလားနေခြင်းဖြစ်သည်။

"ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ငါးဖမ်းလှေလုပ်ငန်းရှင်တွေ ဆွေးနွေးပြီး နေပြည်တော်မှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို တင်ပြထားပါတယ်။ အခက်အခဲက ငါးဖမ်းလှေငယ်တွေမှာ မိုးရာသီဆိုရင် ပင်လယ်ပြင်ထဲကိုမထွက်နိုင်ဘူး။ ဒီအချိန်ဆိုရင် ပင်လယ်ထဲမှာ ငါးတွေသားပေါက်တဲ့အချိန်လည်းဖြစ်တယ်။ လှိုင်းလေပြင်းထန်တဲ့အချိန်လည်းဖြစ်တဲ့အတွက် ငါးမဖမ်းရရာသီနဲ့ သင့်တော်ပါတယ်။ ပွင့်လင်းရာသီမှာ ငါးဖမ်းခွင့်ပိတ်ပြီး မိုးရာသီမှာ ငါးဖမ်းခွင့်ပေးမယ်ဆိုရင် လုပ်ငန်းတချို့အခက်အခဲဖြစ်ပြီး တချို့လုပ်ငန်းတွေ ရပ်နားသွားရနိုင်တယ်။ ကျွန်တော်တို့ တင်ပြထားဆဲဖြစ်တယ်။ ကျွန်တော်တို့ဆီ တရားဝင်အကြောင်းကြားစာတော့ မရောက်လာသေးဘူး" ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက ပြောကြားသည်။

ငါးသားပေါက်ရာသီ သတ်မှတ်မှုကို ပညာရှင်များ လေ့လာတွေ့ရှိချက်အတိုင်း ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။ ပင်လယ်ပြင်အတွင်း ရာသီအလိုက် လုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစားများရှိရာ အများစုမှာ မိုးရာသီတွင် လုပ်ငန်းရပ်နားကြရခြင်းဖြစ်ကြောင်း သိရသည်။

ငါးသားပေါက်ရာသီကို သုံးလတိတိ သတ်မှတ်ထားပြီး ၂၀၂၁ ခုနှစ်တွင် မေ၊ ဇွန်၊ ဇူလိုင်လများအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဧပြီ၊ မေ၊ ဇွန်လ အများအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်းသိရသည်။

Source: https://news-eleven.com/article/225819

## အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်သည့်မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားမည်

ကော်ဖီအရည်အသွေးပိုင်းများ ပိုမိုတိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်သည့် မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်က ပြောပြ၍သိရသည်။

မြေနိမ့်ကော်ဖီ (ဗီယက်နမ်) မျိုးကို စိုက်ပျိုးထုတ်လုပ် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် မျိုးစေ့ကီလို ၅၀ ကို ဇုန်လေးဇုန်သို့ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း၊ မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုးကို တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်ရခြင်းသည် တင်သွင်းနေသည့်ပျော်လွယ်ကော်ဖီများလျှော့ချနိုင်ရန်အတွက်ဖြစ်ပြီး ယခုနှစ်ကော်ဖီစိုက်ပျိုးရာသီဇွန်လမှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ မြေနိမ့်ကော်ဖီ(ဗီယက်နမ်)မျိုး တစ်မျိုးတည်းကိုသာ စိုက်ပျိုးသွားမှာပါ။ စိုက်နိုင်ဖို့အတွက် မျိုးစေ့ ကီလို ၅၀ ကို ဇုန်လေးဇုန်ကို ဖေဖော်ဝါရီလ ပထမပတ်ထဲမှာ အားလုံးဖြန့်ပေးထားပါတယ်။ အဲဒီမျိုးကို စမ်းစိုက်ထားတာလဲရှိပြီးသားပါ။ ဖြစ်ထွန်းအောင်မြင်မှုလည်းရှိပါတယ်။ မြေနိမ့်ကော်ဖီအတွက် စိုက်ပျိုးသွားမှာပါ။ နိုင်ငံတွင်းမှာ ပျော်လွယ်ကော်ဖီတွေကို များများစားစားသောက်သုံးနေကြပါတယ်။ မြေနိမ့်ကော်ဖီက ပျော်လွယ်ကော်ဖီထုတ်တဲ့အခါမှာ အဓိကဖြစ်တယ်။ အဲဒါကြောင့် ပျော်လွယ်ကော်ဖီနေရာမှာ အစားထိုးနိုင်ဖို့အတွက် မြေနိမ့်ကော်ဖီ(ဗီယက်နမ်) မျိုးတွေကို စိုက်ပျိုးထုတ်လုပ်ဖို့ တိုးချဲ့စိုက်ပျိုးဖို့အတွက်လုပ်ဆောင်တာပါ။ ဒီမျိုးက အထွက်နှုန်းကောင်းတယ်။ အရည်အသွေးပိုင်းလဲ ကောင်းတာကြောင့် စိုက်ပျိုးသွားဖို့အတွက် လုပ်ဆောင်နေတာပါ” ဟု ဒေါ်မီမီမြင့်က ပြောပြသည်။

အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်နှင့် ရေငတ်ဒဏ်ခံနိုင်သည့် မြေနိမ့်ကော်ဖီ (ဗီယက်နမ်) မျိုးသန့်များရရှိစေရေးအတွက် ဇုန်လေးဇုန်ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မျိုးစေ့များကို ဖြန့်ဖြူးပေးထားပြီးဖြစ်ကာ ပျိုးထောင်သည့်စခန်းအလိုက် ပျိုးထောင်နေကြပြီဖြစ်ကြောင်း၊ ထိုမှရရှိလာမည့် ပျိုးပင်များကို ဖြန့်ဖြူး၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **Source:** ရတနာပုံသတင်းစာ

## ရခိုင်ပြည်နယ်၌ ငါးသလောက်မျိုးစိတ် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးဧရိယာနှင့် ကာလသတ်မှတ်

ကမ္ဘာ့ဈေးကွက်ရှိသော ငါးသလောက်ကိုပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ငါးသလောက်မျိုးစိတ်ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးဧရိယာများ သတ်မှတ်ထုတ်ပြန်ထားကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ် ပင်လယ်ပြင်တွင် ရွှေ့ပြောင်းသွားလာကျက်စားပြီး ရာသီချိန်တွင် ရေချို၊ ရေငန်စပ်ဧရိယာ၌ သားပေါက်လေ့ရှိသော မြန်မာ့ငါးသလောက်များ ရေရှည်တည်တံ့စေရန် ရခိုင်ပြည်နယ်တွင် မြောက်ဦးခရိုင် မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း တည်ရှိသည့် မြစ်၊ ချောင်းများကို ငါးသလောက်ထိန်းသိမ်းရေး ဧရိယာအဖြစ် ကနဦးသတ်မှတ်ထားသည်။ မြေပုံမြို့နယ် မင်းကြောင်းမြစ်အတွင်း ရာသီအလိုက် ငါးသလောက်ထိန်းသိမ်းရေးဧရိယာတွင် တစ်နှစ်လျှင် ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ၊ စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထိန်းသိမ်းရေးကာလအဖြစ် နှစ်ကြိမ်သတ်မှတ်ထားပြီး အခြားဧရိယာအချို့ကိုလည်း ဆက်လက်သတ်မှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၊ ဆုံးဖြတ်ချက်အပိုဒ် (၄)၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁၀) အရ ငါးသလောက်မျိုး ထိန်းသိမ်းရန် အမိန့်ကြော်ငြာစာကို ဇန်နဝါရီလ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှု ၃ ရာခိုင်နှုန်းရှိပြီး အိန္ဒိယနိုင်ငံသည် ၂၅ ရာခိုင်နှုန်းရှိ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၆၅ ရာခိုင်နှုန်းရှိသောကြောင့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်ရှိသော ငါးသလောက်ရေထွက်ကုန်မှ နိုင်ငံခြားဝင်ငွေပိုမိုရရှိရန် အခွင့်အလမ်းများစွာ စောင့်ကြိုလျက်ရှိရာ မြန်မာ့ရေပိုင်နက်အတွင်း ငါးသလောက်မျိုးစိတ် ရေရှည်တည်တံ့စေရန် နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

“ငါးသလောက်ဟာ နိုင်ငံတကာဈေးကွက်မှာ ဈေးရတဲ့ ငါးတစ်မျိုးပါ။ ပြည်တွင်းမှာ တစ်ချိန်က ငါးသလောက်ပေါခဲ့ပေမယ့် တဖြည်းဖြည်းရှားပါးလာတာကြောင့် ငါးသလောက်ထိန်းသိမ်းရေးဇရိယာနဲ့ ကာလကို သတ်မှတ်ဆောင်ရွက်ခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ကမ္ဘာ့ငါးသလောက်ထွက်ရှိမှုနှုန်း ပထမဖြစ်တဲ့အတွက် နှစ်စဉ်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အောင်မြင်တယ်။ မဖမ်းရတဲ့သတ်မှတ်ကာလမှာ သတ်မှတ်ဇရိယာက ရေလုပ်သားတွေကို လူမှုအထောက်အကူပြုအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး စားသောက်ရေးကိုဆောင်ရွက်ပေးတယ်။ ရေလုပ်သားတွေကလည်း အတိအကျလိုက်နာကြတယ်။ ဒါကြောင့် ကမ္ဘာကို ငါးသလောက်အများဆုံးတင်ပို့တဲ့နိုင်ငံဖြစ်လာတာပါ။ သူက ရေချိုမှာပေါက်ပွားပြီး ရေငန်မှာကြီးပြင်းတာကြောင့် ထိန်းသိမ်းရေးကာလကို ကြပ်မတ်လိုက်နာမယ်ဆိုရင် မြန်မာ့ငါးသလောက်ပို့ကုန် ပြန်ပြီးဦးမော့လာမှာပါ” ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ငါးသလောက်ပေါက်ချိန်၌ ကျားပိုက်များအတွင်းသို့ သားပေါက်များတိုးမိလေ့ရှိပြီး ငါးရစ်ငါးသန် မဖမ်းရ ရာသီတွင်လည်း ဖမ်းဆီးမှုတို့ကြောင့် ကြီးထွားချိန်မရဘဲ ဆုံးရှုံးမှုများရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ငါးသလောက်ရှားပါးမှုနှင့် ဈေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ရခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးမှုဖူလုံ၍ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရန်၊ ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် ငါးမျိုးစိတ်ရေရှည်တည်တံ့စေရန် နိုင်ငံတော်မှ ငါးသလောက်မျိုးစိတ် ထိန်းသိမ်းရေးဇရိယာနှင့် သတ်မှတ်ကာလကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ငါးသလောက် ထိန်းသိမ်းရေးဇရိယာ ၁၁ နေရာအား ကနဦးသတ်မှတ်ဆောင်ရွက်နေကြောင်း သိရသည်။ Source: ကြေးမုံသတင်းစာ(၂၄.၂.၂၀၂၂)

## မတ်လ ၁ ရက်မှစတင်၍ စားသောက်ကုန်အချို့၊ မော်တော်ယာဉ်အပိုပစ္စည်းအချို့နှင့် ကုန်စည်လိုင်း ၈၀၀ ကျော် သွင်းကုန်လိုင်စင် လျှောက်ထားရမည်

လာမည့် မတ်လ ၁ ရက်မှစတင်၍ စားသောက်ကုန်အချို့အပါအဝင် မော်တော်ယာဉ်အပိုပစ္စည်းအချို့နှင့် ကုန်စည်လိုင်း ၈၀၀ ကျော် သွင်းကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ပြီး H.S Code 10 digit ကုန်စည်လိုင်း ၈၂၆ လိုင်းအတွက် MACCS စနစ်တွင် Setting ပြောင်းလဲထားရှိခဲ့ပြီးဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာသော ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁/၂၀၂၂) အရ စားသောက်ကုန်အချို့၊ ပလတ်စတစ်အခြေခံ တစ်ဝက်တစ်ပျက် ကုန်ချောပစ္စည်းနှင့် အိမ်သုံးပစ္စည်းအချို့၊ သစ်သားပျော့ဖတ်၊ ပိုးချည်၊ ဝါချည်၊ ကော်ဇောကဲ့သို့သော ကြမ်းခင်းများ၊ ချည်ထည်ပစ္စည်း၊ ဖန်ထည်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးနှင့် မော်တော်ယာဉ်အပိုပစ္စည်းများပါဝင်သည့် ၂၀၁၇ Customs Tariff of Myanmar အရ H.S Code 10 digit ကုန်စည်လိုင်း ၈၂၆ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းအဖြစ်လာမည့် မတ်လ ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်သတ်မှတ်ခဲ့ရာ လိုအပ်သည့်ဆောင်ရွက်ချက်များအား အကောက်ခွန်ဦးစီးဌာနက ပြောင်းလဲဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ(၁/၂၀၂၂) အရ မတ်လ ၁ ရက်မတိုင်မီ တင်သွင်းခဲ့သော ကြိုတင်သွင်းကုန်ကြေညာလွှာ (Preliminary Declaration) များအနေဖြင့် အဆိုပါ H.S လိုင်းများ အသုံးပြုထားပြီးဖြစ်ပါက H.S လိုင်းကြောင့် Error (E0030) ဖြစ်ခဲ့လျှင် IDD Service ကို ပြန်လည်ခေါ်ယူ၍ လိုင်စင်ဖြတ်တောက်ခြင်းလုပ်ငန်း (JTB/JTA Service) ဆောင်ရွက်ကာ IDC Service ပြန်လည်ဆောင်ရွက်ရမည်ဟုလည်း အကောက်ခွန်ဦးစီးဌာနမှ ကုန်သည်များထံ အသိပေး ပြောကြားထားပြီးဖြစ်ကြောင်းသိရသည်။

သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မတ်လ ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည့် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော H.S လိုင်း ၈၂၆ လိုင်းနှင့်ပတ်သက်၍ လိုင်စင်ကြိုတင်သတိပြုလျှောက်ထားရယူနိုင်ပြီး အခက်အခဲတစ်စုံတစ်ရာရှိပါက ရုံးဖွင့်ရက်များတွင် Help Desk Section (01-379429)သို့ ဆက်သွယ်မေးမြန်း အကူအညီတောင်းခံနိုင်ကြောင်းသိရသည်။ Source: http://sdtimedaily.com/

# ပြည်ပကုန်သွယ်မှုသတင်း

## တရုတ်နိုင်ငံမှာ တန်ချိန် ၈ သန်းခန့်ထိလိုအပ်နေတဲ့ ပြောင်းချဉ်ဖတ်များ ဆက်လက်တင်ပို့နိုင်ရေးလုပ်ဆောင်နေ

မြန်မာနိုင်ငံရဲ့ ပို့ကုန်အမယ်သစ်ဖြစ်တဲ့ ပြောင်းချဉ်ဖတ်တွေ တရုတ်နိုင်ငံကို ဆက်လက်တင်ပို့နိုင်ဖို့ ဝိုင်းမော်မြို့နယ်၊ တာလောကြီးကျေးရွာမှာ ထုတ်လုပ်နေပါတယ်။ ၂၀၂၂ ဆောင်းရာသီမှာ ထွက်ပေါ်လာတဲ့ ဆောင်းပြောင်းတန်ချိန် ၃၀၀ ကို တောင်သူတွေဆီကဝယ်ယူထားပြီး လက်ရှိမှာတော့ ပြောင်းချဉ်ဖတ်တန်ချိန် ၃၀၀ ထုတ်လုပ်ထားတယ်လို့ ပြောင်းချဉ်ဖတ် ထုတ်လုပ်နေတဲ့ တာလော ကြီးကျေးရွာရှိ Century Sun ကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ ဒေါ်အားတုက ပြောပါတယ်..။

" အဓိက ပြောင်းချဉ်ဖတ်က မွေးမြူရေးမှာ အရမ်းကောင်းတယ်။ သိမ်းထားလို့လည်းရတယ်။ လတ်လတ်ဆတ်ဆတ် စားလို့ရတယ်။ အစာအိမ်အတွက်လည်းကောင်းတယ်။ နို့ထွက်အားလည်းကောင်းတယ်။ မြန်မာနိုင်ငံမှာ အမြဲလုပ်ချင်တယ်။ ဒီလိုမျိုးစိုက်ချင်ပါတယ်" တာလောကြီးကျေးရွာမှာပြုလုပ်နေတဲ့ ပြောင်းချဉ်ဖတ်ကတော့ အခွံပါ ပြောင်းဖူးခြောက်ကို နှစ်ပြန်ကြိတ်ခွဲပြီး ရေအနည်းငယ်ဖျန်းပါတယ်။ အဲ့ဒီနောက် အလေးချိန်တစ်တန်ရှိတဲ့ ကြိတ်ခွဲပြီးသားပြောင်းဖူးတွေကို ပလတ်စတစ်နဲ့ လေမဝင်အောင်ထုပ်ပိုးသိမ်းဆည်းကြတာပဲဖြစ်ပါတယ်။ ထုပ်ပိုးပြီးနောက် ၄၈ ရက်ကြာပါက ပြောင်းချဉ်ဖတ်အဖြစ် ပြည်ပတင်ပို့နိုင်တာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ နွားမွေးမြူရေးလုပ်ငန်းတွေမှာ ပြောင်းချဉ်ဖတ်ကို ကိုးဆယ်ရာခိုင်နှုန်းအထိ အသုံးပြုနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံစိုက်ပျိုးလို့ရတဲ့ မြေအလွတ်တွေရှိနေတာက ပြောင်းချဉ်ဖတ်ထုတ်လုပ်နိုင်တဲ့ အခွင့်အလမ်းကိုရရှိစေတယ်လို့ ထုတ်လုပ်သူတွေကဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ မြန်မာ့ပြောင်းချဉ်ဖတ်တန်ချိန် ၅၁ တန်ကို တရုတ်နိုင်ငံဘက်ကိုပထမဆုံးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီအခြေအနေကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက..." ကုမ္ပဏီ ၆ ခုပေါ့။ ကုမ္ပဏီ ၆ခုကို စာချုပ်ချုပ်ပြီးတော့ ချင်းရွှေဟော်က ပို့ပါတယ်။ ကျွန်တော်တို့ဆီမှာ လာတာကတော့ ချင်းရွှေဟော်စခန်းကစပို့တယ်။ သူတို့က ယူနန်ပြည်နယ်မှာ ပြောင်းချဉ်ဖတ်က တန်ချိန် ၈ မီလီယံလောက်လိုတယ်" လို့ ပြောပါတယ်။ပြောင်းချဉ်ဖတ်တွေတင်ပို့နိုင်ဖို့ တရုတ်နိုင်ငံ GACC(General Administration of Customs of China) က လိုအပ်ချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ချက်ထဲမှာတော့ ပြောင်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးဖို့၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ကိုကျင့်သုံးဖို့၊ မျိုးရိုးဗီဇပြုပြင်ထားတဲ့မျိုးတွေကိုမသုံးစွဲဖို့စတဲ့ ကန့်သတ်ချက်တွေကို ထည့်သွင်းထားပါတယ်။ ဒါ့အပြင် ခွာနာလျှာနာကဲ့သို့ အဓိကနွားရောဂါ ၃ မျိုးကင်းရှင်းဖို့နဲ့ ပိုးစေးနဲ၊ ဒေါင်းနီးမှို ရောဂါ၊ စန်ခရမ်မြက်၊ နံ့စားပြောင်းရိုင်း၊ ပြောင်းစားဘီလူးအဖြူ၊ အနီ၊ ခရမ်း စတာတွေကင်းရှင်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြောင်းချဉ်ဖတ် တင်ပို့ဖို့ တရုတ်အစိုးရဆီကို ကုမ္ပဏီ ၈ ခုက လျှောက်ထားခဲ့ပြီး ကုမ္ပဏီ ၆ ခုသာ တရားဝင်တင်ပို့ခွင့်ရရှိခဲ့ တယ်လို့သိရပါတယ်။

Source: https://greenwaymyanmar.com/posts/Silage_Export

## ပြည်ပနိုင်ငံများက ဝယ်ယူရန်ကမ်းလှမ်းလာမှုကြောင့် ယခုနှစ်တွင် ကြယ်ပဲ ကိုးတန်ခန့်တင်ပို့နိုင်ရန် စီစဉ်နေ

မြန်မာနိုင်ငံမှထွက်ရှိသည့် ကြယ်ပဲကိုဝယ်ယူရန် ပြည်ပနိုင်ငံများက ကမ်းလှမ်းလာမှုကြောင့် ယခုနှစ်တွင် ကြယ်ပဲကိုးတန်ခန့်တင်ပို့နိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးတင်မျိုးနိုင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ကြယ်ပဲကို ဝယ်ယူရန် ယခုနှစ် ဇန်နဝါရီလကစတင်၍ ကမ်းလှမ်းနေကြောင်း၊ လက်ရှိတွင် ကြယ်ပဲတစ်တန်ကို ပြည်ပသို့တင်ပို့ထားပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ကြယ်ပဲ ကိုးတန်ခန့်တင်ပို့နိုင်ရန် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ကြယ်ပဲအများစု ဆောင်းနေကြောင်းသိရသည်။ "ပြည်တွင်းမှာ စိုက်ကေတွေနည်းတော့ ကြယ်ပဲထွက်တဲ့ ဒေသတွေကို သွားရောက်ပြီး သတ်မှတ်ထားတဲ့ တန်ချိန်ရအောင် လိုက်စုနေပါတယ်။ ပြည်ပနိုင်ငံတွေကတော့ ထွက်သမျှ ဝယ်ယူမယ်လို့ သဘောတူထားပါတယ်။ ၂၀၂၁ ခုနှစ်က ကြယ်ပဲ ခုနှစ်တန်ကို ပြည်ပတင်ပို့နိုင်ခဲ့တယ်။ ဒီနှစ်လဲ တန်ချိန် ကိုးတန်လောက် တင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနှစ် ဇန်နဝါရီလကုန်ပိုင်းမှာပဲ ပြည်ပကို ကြယ်ပဲတစ်တန်တင်ပို့နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့တင်ပို့နိုင်ရန် လုပ်ဆောင်နေပါတယ်။ လစဉ်တော့မတင်ပို့နိုင်ပေမဲ့ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ် တင်ပို့သွားမှာဖြစ်ပါတယ်" ဟု ဦးတင်မျိုးနိုင်က ပြောပြ သည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ကြယ်ပဲကို ပြည်ပက ဝယ်လက်ရှိခြင်းကြောင့် ကြယ်ပဲအသီးခြောက် တစ်ကီလိုလျှင် ကျပ် ၁၂၀၀ ဈေးပေါက်ပြီး ကြယ်ပဲအစေ့ တစ်ကီလိုလျှင် ကျပ် ၁၅၀၀ ထိ ဈေးပေါက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ကြယ်ပဲအများဆုံးစိုက်ပျိုးသည့် ဒေသများမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

Source: ရတနာပုံသတင်းစာ


# အထူးဆောင်းပါးများ

## ဂျာမနီနိုင်ငံ၏ထောပတ်သီးဈေးကွက်အားလေ့လာတင်ပြခြင်း

အီးယူဒေသသည် သစ်သီးဝလံစားသုံးမှုမြင့်မားလာသည်နှင့်အမျှ ထောပတ်သီးသည် ၂၀၁၈ ခုနှစ်ပိုင်းမှစ၍ ဝယ်လိုအားများစွာမြင့်တက်လာပြီး ဂျာမနီနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် အီးယူဒေသ၌ ထောပတ်သီးစားသုံးမှု ဒုတိယ အများဆုံးနိုင်ငံအဖြစ်ရောက်ရှိခဲ့သည်။ ထောပတ်သီး၏ သိပ္ပံအမည်မှာ Persea americana ဖြစ်ပြီး Guatemalan, Mexican, West Indian နှင့် hybrids ဟူ၍ မျိုးအုပ်စုများ ခွဲခြားထားရှိသည်။ တောင်အမေရိက၊ အာဖရိက၊ အာရှ၊ အရှေ့အလယ်ပိုင်း၊ အမေရိကနှင့် ဩစတြေးလျနိုင်ငံများတို့တွင် စိုက်ပျိုးထွက်ရှိပါသည်။ ဈေးကွက်တွင် အဓိကရောင်းချနေသောအမျိုးအစားများမှာ Guatemala

မှ Hass အမျိုးအစားဖြစ်ပြီး အခြား Lavi Hass, Lamb Hass နှင့် Gem Hass တို့လည်း ဈေးကွက်ဝင်ရောက်လျက်ရှိသည်။ ဂျာမနီနိုင်ငံတွင် Fuerte နှင့် Hass အမျိုးအစားနှစ်မျိုးကို ကြိုက်နှစ်သက်ကြပြီး ယခုနောက်ပိုင်းတွင် Hass ကို ပိုမိုနှစ်သက်လာကြသည်။ ထောပတ်သီးတွင်ပါဝင်သော အမျှင်ဓာတ်၊ ဗိုက်တာမင်နှင့်သတ္တုဓာတ်များ ပေါကြွယ်ဝမှုသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ ထောပတ်သီးလတ်ဆတ် သို့မဟုတ် အခြောက် နှစ်မျိုးလုံးအတွက် HS code 08044000 ကို အသုံးပြုသည်။ အီးယူဒေသသို့ အဓိကတင်ပို့နေသောနိုင်ငံများမှာ ပီရူးနှင့် တောင်အာဖရိက နိုင်ငံတို့ဖြစ်ကြပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့်ကာလအတွင်း ဈေးနှုန်းများကျဆင်းမှုက ဝယ်လိုအားတိုးတက်မှုကိုဖြစ်စေသည့်အတွက် ၂၀၂၀ ခုနှစ်တွင် အီးယူနိုင်ငံများက တန်ချိန် ၇၀၀,၀၀၀ တင်သွင်းမှုရှိခဲ့ပြီး တန်ဘိုးအားဖြင့် ယူရို ၁ ဒသမ ၇ ဘီလီယံ ခန့်ရှိခဲ့ပါသည်။

**European import of avocados (import EU-27 + UK with non-European origin)**




Source: Eurostat / Market Access Database

**ဈေးကွက်ဝင်ရောက်မှုအခြေအနေ**


အီးယူဒေသတွင် နယ်သာလန်နိုင်ငံသည် အီးယူဒေသသို့ အဓိကတစ်ဆင့် ဖြန့်ဖြူးသူအနေနှင့် ဆောင်ရွက်ပြီး ပြင်သစ်နိုင်ငံသည် ထောပတ်သီးဈေးကွက်တွင် ဦးဆောင်သူအဖြစ်ရှိနေပါသည်။ နယ်သာလန်ကုန်သည်များသည် ထောပတ်သီးရင့်မှည့်မှု၊ ထုပ်ပိုးမှုနှင့် ထောက်ပံ့ပို့ဆောင်မှုတို့တွင် ကျွမ်းကျင်သူများဖြစ်လာပြီး ဥရောပလက်လီဈေးကွက် လိုအပ်ချက်အမျိုးမျိုးကို သိရှိပံ့ပိုးပေးနိုင်ကြပါသည်။ ဂျာမနီ၊ အီတလီနှင့် အခြားအရှေ့ဥရောပနိုင်ငံများသည် နယ်သာလန်နိုင်ငံ သို့မဟုတ် စပိန်နိုင်ငံတို့မှတဆင့် ဝယ်ယူမှုများပြုလုပ်ကြပါသည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုမရှိဘဲ တင်သွင်းစားသုံးမှုကိုသာပြုလုပ်ပြီး အချို့ကို အခြားဥရောပနိုင်ငံများ (ဆွစ်ဇာလန်၊ ဩစတြီးယား၊ လူဇင်ဘတ်၊ ဟန်ဂေရီ စသည်)သို့ ပြန်လည်တင်ပို့မှုပြုလုပ်ပါသည်။



ကျန်းမာရေးကောင်းမွန်မှုအတွက် ထောပတ်သီးစားသုံးမှု မြင့်တက်လာလျက်ရှိပြီး တစ်နိုင်ငံလုံးတစ်နှစ်စားသုံးမှု ခန့်မှန်းတန်ချိန် (၁၀၄၄၅၂) မက်ထရစ်တန်ရှိပြီး လူတစ်ဦး ပျမ်းမျှစားသုံးမှုမှာ ၁ ဒသမ ၂၆ ကီလိုဂရမ် ရှိပါသည်။ ကိုဗစ်ကပ်ရောဂါကာလအတွင်း လက်ကားဈေးကွက်လမ်းကြောင်းများတွင် အခက်အခဲများဖြစ်ပေါ်ရမှုများကြောင့် စူပါမားကက်များက ဝယ်လိုအားအခြေအနေကို ဖြည့်ဆည်းနိုင်ရန်ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း ဓာတုဓာတ်ကြွင်းပါဝင်မှုများကို တင်းကြပ်စွာစစ်ဆေးဆောင်ရွက်မှုရှိပါသည်။

ဂျာမနီနိုင်ငံတွင် ထောပတ်သီးကို ဈေးနှုန်းသင့်တင့်မှုရှိခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သောသစ်သီးအနေဖြင့် စားသုံးကြခြင်းတို့ကြောင့် ၂၀၂၀ခုနှစ်အတွင်း အီးယူနှင့် အီးယူပြင်ပနိုင်ငံများမှစုစုပေါင်းတန်ချိန် (၁၁၉၀၀၀) တင်သွင်းမှုရှိခဲ့သည်။ ဂျာမနီနိုင်ငံတွင် ထောပတ်သီး တင်သွင်းမှုဈေးနှုန်းများမှာ ၂၀၁၉ခုနှစ်တွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ဖြစ်ပါ သည်။ ၂၀၂၂ခုနှစ်အတွင်း ပြည်တွင်းလက်ကားဈေးကွက်တွင် ပျမ်းမျှ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၄၅ ရှိပြီး တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ မှ ၃ ဒသမ ၅၂ အတွင်းရှိနေပါသည်။ အော်ဂဲနစ် စားသောက်ကုန်ဈေးကွက်တိုးတက်လာသည်နှင့်အတူ အော်ဂဲနစ်ထောပတ်သီးဈေးကွက်ဖွံ့ဖြိုးလာရန်လည်း ဆောင်ရွက်လျက်ရှိပြီး Hass အမျိုးအစားကို ပိုမိုနှစ်သက်ကြပါသည်။ အီးယူနိုင်ငံများအလိုက် အီးယူပြင်ပနိုင်ငံများမှ ထောပတ်သီးတင်သွင်းမှုများကို အောက်ပါအတိုင်းလေ့လာနိုင်ပါသည်-

European import of avocados with non-European origin (in 1000 tons)




**ဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များ**

United Nations Economic Commission for Europe (UNECE) ၏ စံနှုန်း သတ်မှတ်ချက်အရ ထောပတ်သီးကို Extra Class (superior quality)၊ Class I (good quality) နှင့် Class II (satisfies minimum requirements)ဟူ၍ သုံးမျိုးခွဲခြားထားရှိပါသည်။ လတ်ဆတ်အသီးများသည် ပိုးမွှားကင်းစင်ခြင်း၊ အပူချိန်နှင့် စိုထိုင်းဆများကြောင့် ထိခိုက်ပျက်စီးမှု မရှိခြင်း၊ ရိုးတံအညှာသည် ၁ဝမီလီမီတာထက်မကျော်စေခြင်းတို့ဖြစ်ရန်လိုအပ်ပါသည်။ labelling၊ packaging နှင့် အရည်အသွေးပိုင်းဆိုင်ရာများအတွက် Codex Alimentarius Standard အရဆောင်ရွက်ပါသည်။ စားသောက်ကုန် လုံခြုံစိတ်ချမှုသည် အီးယူဈေးကွက်အတွက် အဓိကအရေးကြီးသည့်အပိုင်းဖြစ်ပြီး General Food Law ကို ပြဋ္ဌာန်းထားရှိကာ Regulation (EC) 178/2002 ကို လေ့လာနိုင်ပါသည်။ EU food safety policy အရ ညစ်ညမ်းပစ္စည်းပါဝင်မှု (contaminant) အတွက် EU Regulation (EC) 1881/2006 နှင့် microbiological criteria အတွက် Regulation (EC) 2073/2005 တို့ကို ပြဋ္ဌာန်းထားရှိပါသည်။ ဂျာမနီနိုင်ငံတွင် အီးယူမှ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံအနေနှင့်ထပ်မံထုတ်ပြန်ချက်များလည်းရှိပြီး Maximum Residue Level (MRL)အတွက် လက်လီရောင်းဝယ်သူများက ဥပဒေပြဋ္ဌာန်းချက်၏ ၃ဝ ရာခိုင်နှုန်းကိုသာ ခွင့်ပြုခြင်းများရှိပါသည်။ Non-legislative requirement အနေနှင့် အီးယူနှင့် ဂျာမနီဈေးကွက်က Global G.A.P ကို လိုအပ်မှုရှိပြီး စားသောက်ကုန်လုံခြုံစိတ်ချမှုပိုင်းအတွက် ISO22000 နှင့် IFS နှစ်မျိုးအနက် Union of German supermarket chains က ချမှတ်ဆောင်ရွက်သည့် IFS ကို ဂျာမန်စူပါမားကက်များက ပိုမိုနှစ်သက်ကြပါသည်။

**Ripening facilities နှင့် ready to eat စားသုံးမှုပုံစံ**

ယခုအခါ ထောပတ်သီးစားသုံးမှုများသည် ရင့်မှည့်၍အရည် အသွေးကောင်းမွန်ပြီး လွယ်ကူအဆင်ပြေစွာ စားသုံးနိုင်သည့် 'ready to eat' ပုံစံစားသုံးမှုဆီသို့ တိုးတက်ပြောင်းလဲလာကြသည်။ စားသုံးသူများသည် လွယ်ကူစွာရွေးချယ်



အသင့်စားသုံးနိုင်သည့် ထောပတ်သီးအမှည့်များအတွက် ပရီမီယံဈေးနှုန်းများပေး၍ ဝယ်ယူလိုကြပြီး တစ်ဖက်တွင်လည်း ပို့ကုန်တင်ပို့သူများအနေဖြင့် သဘော်မတင်မီ အသီးရင့်မှည့်မှု အခြေအနေကို သေချာစွာစစ်ဆေးမှုပြုလုပ်ရန် အထူးလိုအပ်ပါသည်။ ထိုကဲ့သို့ အသီးရင့်မှည့်မှု စစ်ဆေးနိုင်သည့် အတွေ့အကြုံနည်းလမ်းများ လျင်မြန်စွာတိုးတက်လာနေပြီး နည်းပညာများကိုလည်း ကောင်းစွာအသုံးချနိုင်ရန် ဆောင်ရွက်လာနေကြပါသည်။ ကုမ္ပဏီများက အသီးရင့်မှည့်မှုကို ဝန်ဆောင်မှုတစ်ခုအနေဖြင့် ပြုလုပ်လာကြခြင်း သို့မဟုတ် ရောင်းဝယ်သူများက ရင့်မှည့်မှုဆိုင်ရာလုပ်ငန်းသုံးပစ္စည်း အသုံးအဆောင်များ (ripening facilities)ကို ပြုလုပ်ဆောင်ရွက်လာကြသည်။ ready-to-eat စားသုံးမှုပုံစံသည် ယူနိုက်တက်ကင်းဒမ်းနှင့် နယ်သာလန်နိုင်ငံတို့တွင် များစွာရေပန်းစားပြီး အခြားဥရောပနိုင်ငံများတွင်လည်း စတင်နေကြပြီဖြစ်သည်။ နယ်သာလန် နိုင်ငံမှ Nature's Pride ၊ LBP နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ Ripenow ကုမ္ပဏီတို့သည် ripening ကို အထူးပြုဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည်။ ဂျာမနီနိုင်ငံတွင်လည်း စူပါမားကက်များက 'ready to eat' Hass အမျိုးအစားထောပတ်သီးကို ရောင်းချရန် ပိုမိုနှစ်သက်ကြသည်။ မကြာသေးမီက ဂျာမနီနိုင်ငံ လက်လီအရောင်းဆိုင်လုပ်ငန်း Lidl က ဥရောပတွင် အကြီးဆုံး ripening facilities များအနက်တစ်ခုကို နယ်သာလန်နိုင်ငံတွင် တည်ထောင်လုပ်ကိုင်ခဲ့ပြီး ထောပတ်သီး၊ ငှက်ပျောသီးနှင့်

သရက်သီးတို့အတွက် နယ်သာလန်နိုင်ငံနှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့ရှိ ဖြန့်ဖြူးရေး စင်တာများသို့ ဝန်ဆောင်မှုပေးဆောင်ရွက်ပါသည်။

**နည်းပညာပိုင်းတိုးတက်ဆောင်ရွက်မှု**

ထောပတ်သီးအရည်အသွေးစစ်ဆေးခြင်းအတွက် နည်းပညာသစ်များ တိုးတက်လာရာတွင် Avos ဟု ခေါ်ဆိုသော အရည်အသွေးစစ်ဆေးပေးသည့်စက် (Artificial Intelligence- AI Device) သည် အသီးကိုထိခိုက်ပျက်စီးစေခြင်းမရှိဘဲ




အရည်အသွေးစစ်ဆေး ကျွမ်းကျင်သူများအတွက် မြန်ဆန်ထိရောက်သော အချက်အလက်များကိုပံ့ပိုးပေးနိုင်ကာ အရည်အသွေးပိုင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါသည်။ Avos ကို အသုံးပြု၍ အသီးရင့်မှည့်ကာလနှင့် ပို့ဆောင်သင့်သည့် ဖောက်သည် စသည်တို့ကို ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ နည်းပညာပိုင်း ပံ့ပိုးမှုများဖြင့် ready-to-eat စားသုံးမှုပုံစံကို များစွာအထောက်အပံ့ ဖြစ်လာစေပါသည်။ Avos Device က ထောပတ်သီး၏ တွန်းကန်အား၊ အရောင်အဆင်းနှင့် အရည်အသွေးတို့ကို စက္ကန့်ပိုင်းအတွင်း တိုင်းတာပေးပြီး ချိတ်ဆက်ထားသောကွန်ပြူတာတွင် အရည်အသွေးမှတ်တမ်းကိုကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးပါသည်။

**မြန်မာနိုင်ငံမှ ဈေးကွက်ဝင်ရောက်နိုင်မှုအခွင့်အလမ်းများ**

မြန်မာနိုင်ငံအနေဖြင့် ထောပတ်သီးကို တရုတ်၊ ထိုင်း၊ ဟောင်ကောင်၊ ရုရှားအစရှိသည့် နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်များမှတဆင့် တင်ပို့ရောင်းချနေမှုရှိပါသည်။ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်ကာ ဒေသမျိုးကိုင်းများနှင့် ပြည်ပမှတင်သွင်းလာသည့် Hass အမျိုးအစားမျိုးကိုင်းများကို စနစ်တကျပွားများ ဖြန့်ဖြူးထားနိုင်ပြီး ဈေးကွက်ဝင်အသီးများ ထွက်ရှိလာရေး ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် Hass အမျိုးအစားကို ပိုမိုကြိုက်နှစ်သက်မှုရှိသည့် အီးယူနှင့်ဂျာမနီနိုင်ငံဈေးကွက်များသို့ ဈေးကွက်လိုအပ်ချက်များနှင့်အညီ အရည်အသွေးမီစွာ ဝင်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ပါသည်။ ဂျာမနီနိုင်ငံသည် နယ်သာလန်နိုင်ငံကဲ့သို့သော အီးယူနိုင်ငံများမှ တင်သွင်းခြင်းရှိသလို အီးယူပြင်ပနိုင်ငံများမှ တိုက်ရိုက်တင်သွင်းမှုများလည်းရှိလာနေပြီဖြစ်ပါသည်။ ဈေးကွက်ဝင်ရောက်မှုအတွက် ကုန်စည်ပြပွဲများတွင်ပါဝင်ပြသခြင်းဖြင့် စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုများ ရရှိနိုင်မည်ဖြစ်ရာ ဘာလင်မြို့တွင်ကျင်းပသည့် Fruit Logistica ပြပွဲနှင့် နူရင်ဘတ်မြို့တွင်ကျင်းပသည့် Biofach အော်ဂဲနစ်ပြပွဲများသို့ လာရောက်ပြသရန်သင့်တော်ပါကြောင်းလေ့လာသုံးသပ်တင်ပြအပ်ပါသည်။

Sources:
https://www.cbi.eu/market-information/fresh-fruit-vegetables/avocados/market-potential
https://www.experiencefruitquality.nl/
https://www.selinawamucii.com/insights/prices/germany/avocados/
https://www.importpromotiondesk.de/fileadmin/user_upload/Publikationen/factsheet/obst_gemuese/avocado-in-germany.pdf
Source: သီတာဝင်းဌေး၊စီးပွားရေးသံမှူး(မြန်မာသံရုံး-ဘာလင်)

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ ဖေဖော်ဝါရီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 54,288,649.644 | 254.241 | | 1 | ရေနံထွက်ပစ္စည်းများ | 252.462 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 18,035,589.145 | 174.500 | | 2 | ချည်ထည်များ | 108.442 |
| 3 | ပြောင်း | မတန် | 303,587.450 | 68.474 | | 3 | စက်နှင့်စက်ပစ္စည်းများ | 60.067 |
| 4 | ပဲတီစိမ်း | မတန် | 60,270.884 | 46.385 | | 4 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 42.323 |
| 5 | ရော်ဘာစိမ်း | မတန် | 23,887.530 | 36.358 | | 5 | ဆေးဝါးပစ္စည်းများ | 40.127 |
| 6 | ငါး | မတန် | 25,703.800 | 27.430 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 39.189 |
| 7 | ဆန် | မတန် | 69,831.000 | 22.836 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 36.218 |
| 8 | မတ်ပဲ | မတန် | 28,848.805 | 20.854 | | 8 | သံနှင့်သံမဏိပစ္စည်းများ | 33.923 |
| 9 | ဆန်ကွဲ | မတန် | 61,729.150 | 18.596 | | 9 | စားအုန်းဆီ | 29.724 |
| 10 | ပဲစင်းငုံ | မတန် | 19,522.300 | 12.792 | | 10 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 26.733 |

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၁၈-၂-၂၀၂၁ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၁၈-၂-၂၀၂၂ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2213.833 | 1668.559 | -545.274 |
| ၂ | တိရိစ္ဆာန်ထွက် | 15.859 | 3.655 | -12.204 |
| ၃ | ရေထွက် | 354.285 | 369.117 | 14.832 |
| ၄ | သတ္တုတွင်းထွက် | 445.498 | 212.036 | -233.462 |
| ၅ | သစ်တောထွက် | 55.591 | 63.769 | 8.178 |
| ၆ | စက်မှုကုန်ချော | 3025.256 | 3511.065 | 485.809 |
| ၇ | အခြား | 184.988 | 275.728 | 90.740 |
| | **စုစုပေါင်း** | **6295.310** | **6103.929** | **-191.381** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၁၈-၂-၂၀၂၁) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၁၈-၂-၂၀၂၂ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2405.138 | 1102.275 | -1302.863 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 2014.398 | 2464.314 | 449.916 |
| ၃ | လူသုံးကုန်ပစ္စည်း | 1279.189 | 1332.756 | 53.567 |
| ၄ | CMP | 730.444 | 955.261 | 224.817 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **6429.169** | **5854.606** | **-574.563** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၆-၁-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းရှယ်(ဟောင်း) ၅ % | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း(သစ်) |
|---|---|---|---|
| ဖျာပုံ | 26500–27000 | | 43000–44000 |
| မြောင်းမြ | 27000–28000 | 52000–53000 | 48000–50000 |
| ဒေးဒရဲ | 27000–28000 | | 42000–43000 |
| ဝါးခယ်မ | 26500–27000 | | 38000–40000 |
| ဘိုကလေး | 26000–26500 | | 38000–40000 |
| မော်ကျွန်း | 26300–26800 | | 38000–40000 |
| လပွတ္တာ | 26500–2700 | 50000–52000 | 42000–43000 |
| ကျိုက်လတ် | 25800–26800 | | 38000–39000 |
| ဘုရင့်နောင် | 26000–27000 | 64000–68000 (ရွှေဘို) | 52000–57000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၂၊ ဖေဖော်ဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.2.2022 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 |
| 2 | 14.2.2022 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 |
| 3 | 21.2.2022 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |
| 4 | 28.2.2022 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |

Source: mrppa

## ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) (သစ်) | | | ဧည့်မထ (သစ်) | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.2.2022 | 36000 | 35000 | 34500 | 25500 | 25000 | 24800 | 25000 | 24500 | 24000 |
| 2 | 2.2.2022 | 36000 | 35000 | 34500 | 25500 | 25000 | 24800 | 25000 | 24500 | 24000 |
| 3 | 3.2.2022 | 36000 | 35000 | 34500 | 25500 | 25000 | 24800 | 25000 | 24500 | 24000 |
| 4 | 4.2.2022 | 36000 | 35000 | 34500 | 25500 | 25000 | 24800 | 25000 | 24500 | 24000 |
| 5 | 7.2.2022 | 38000 | 37000 | 34500 | 25500 | 25000 | 24800 | 25000 | 24500 | 24000 |
| 6 | 8.2.2022 | 38000 | 37000 | 34500 | 25500 | 25000 | 24500 | 25000 | 24500 | 24000 |
| 7 | 9.2.2022 | 38000 | 37000 | 34500 | 25500 | 25000 | 24500 | 25000 | 24500 | 24000 |
| 8 | 10.2.2022 | 38000 | 37000 | 34500 | 25500 | 25000 | 24500 | 25000 | 24500 | 24000 |
| 9 | 11.2.2022 | 38000 | 37000 | 34500 | 25500 | 25000 | 24500 | 25000 | 24500 | 24000 |
| 10 | 14.2.2022 | 43000 | 42000 | 40000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 11 | 15.2.2022 | 42000 | 41000 | 40000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 12 | 16.2.2022 | 42000 | 41000 | 40000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 13 | 17.2.2022 | 42000 | 41000 | 40000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 14 | 18.2.2022 | 42000 | 41000 | 40000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 15 | 21.2.2022 | 39500 | 39000 | 38000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 16 | 22.2.2022 | 39500 | 39000 | 38000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 17 | 23.2.2022 | 39500 | 39000 | 38000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 18 | 24.2.2022 | 39500 | 39000 | 38000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 19 | 25.2.2022 | 39500 | 39000 | 38000 | 16500 | 16000 | 15500 | 26000 | 25500 | 25000 |
| 20 | 28.2.2022 | 40000 | 39000 | 38500 | 26500 | 26200 | 26000 | 26000 | 25500 | 25000 |

**Source: Myanmar Rice**

## ၂၀၂၂၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.2.2022 | 1300000 | 1340000 | 1377900–1399300 | 1509500–1521800 | 1408500–1429900 | 1041100–1120700 |
| 2 | 2.2.2022 | 1305000 | 1362500 | 1325800–134300 | 1509500–1521800 | 1408500–1429900 | 1041100–1120700 |
| 3 | 3.2.2022 | 1285000 | 1355000 | 1273800–1328900 | 1469700–1482000 | 1273800–128600 | 1041100–1120700 |
| 4 | 4.2.2022 | 1225000 | 1325000 | 1273800–1328900 | 1469700–1482000 | 1273800–128600 | 1041100–1120700 |
| 5 | 7.2.2022 | 1218000 | 1306000 | 1273800–1286000 | 1469700–1482000 | 1273800–1286000 | 1041100–1120700 |
| 6 | 8.2.2022 | 1230000 | 1300000 | 1273800–1286000 | 1426900–1451400 | 1255400–1276800 | 1041100–1120700 |
| 7 | 9.2.2022 | 1192000 | 1280000 | 1255400–1307500 | 1426900–1451400 | 1255400–1276800 | 1041100–1120700 |
| 8 | 10.2.2022 | 1230000 | 1309000 | 1255400–1286000 | 1426900–1451400 | 1255400–1276800 | 1041100–1120700 |
| 9 | 11.2.2022 | 1225000 | 1337500 | 1255400–1307500 | 1426900–1451400 | 1175800 | 1041100–1120700 |
| 10 | 14.2.2022 | 1245000 | 1340000 | 1255400–1286000 | 1426900–1460600 | 11275800 | 1041100–1120700 |
| 11 | 15.2.2022 | 1268000 | 1337500 | 1255400–1286000 | 1426900–1460600 | 1175800 | 1041100–1120700 |
| 12 | 16.2.2022 | 1290000 | 1340000 | 1255400–1286000 | 1426900–1460600 | 1172700–1206400 | 1041100–1120700 |
| 13 | 17.2.2022 | 1289000 | 1320000 | 1255400–1286000 | 1426900–1460600 | 1255400–1276800 | 1041100–1120700 |
| 14 | 18.2.2022 | 1287500 | 1325000 | 1255400–1286000 | 1426900–1460600 | 1255400–1276800 | 1041100–1120700 |
| 15 | 21.2.2022 | 1242000 | 1340000 | 1224800–1246200 | 1488100–1500400 | 1255400–1276800 | 1041100–1120700 |
| 16 | 22.2.2022 | 1266000 | 1350000 | 1224800–1246200 | 1488100–1500400 | 1255400–1276800 | 1041100–1120700 |
| 17 | 23.2.2022 | 1265000 | 1342000 | 1224800–1246200 | 1457500–1482000 | 1255400–1276800 | 1041100–1120700 |
| 18 | 24.2.2022 | 1267500 | 1345000 | 1224800–1246200 | 1426900–1439100 | 1255400–1276800 | 1041100–1120700 |
| 19 | 25.2.2022 | 1287500 | 1352500 | 1224800 | 1426900–1439100 | 1255400–1276800 | 1169700–1439100 |
| 20 | 28.2.2022 | 1295000 | 1390000 | 1224800 | 1426900–1439100 | 1255400–1276800 | 1426900–1439100 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.2.2022 | 2599600–2709800 | 1050200–1093100 | 1172700–1194200 | 1255400–1276800 | 483800–496000 |
| 2 | 2.2.2022 | 2599600–2657800 | 1050200–1071700 | 1172700–1194200 | 1255400–1276800 | 483800–496000 |
| 3 | 3.2.2022 | 2599600–2657800 | 1050200–1071700 | 1120700–1175800 | 1255400–1276800 | 489900–502200 |
| 4 | 4.2.2022 | 2599600–2657800 | 998200–1022700 | 1120700–1175800 | 1255400–1276800 | 489900–502200 |
| 5 | 7.2.2022 | 2599600–2657800 | 967600–1022700 | 1071700–1123700 | 1255400–1276800 | 502200–514400 |
| 6 | 8.2.2022 | 2599600–2657800 | 697600–1022700 | 1071700–1123700 | 1255400–1276800 | 502200–514400 |
| 7 | 9.2.2022 | 2599600–2657800 | 937000–970600 | 1019600–1041100 | 1255400–1276800 | 502200–514400 |
| 8 | 10.2.2022 | 2599600–2657800 | 937000–970600 | 1019600–1041100 | 1255400–1276800 | 502200–514400 |
| 9 | 11.2.2022 | 2599600–2657800 | 967600–1022700 | 1019600–1041100 | 1255400–1276800 | 502200–514400 |
| 10 | 14.2.2022 | 2924200–3037500 | 967600–1022700 | 1019600–1041100 | 1255400–1276800 | 508300–520500 |
| 11 | 15.2.2022 | 2924200–3037500 | 967600–1022700 | 1019600–1041100 | 1255400–1276800 | 508300–520500 |
| 12 | 16.2.2022 | 2924200–3037500 | 967600–1022700 | 1019600–1041100 | 1255400–1276800 | 508300–520500 |
| 13 | 17.2.2022 | 2924200–3037500 | 967600–1001300 | 1019600–1041100 | 1255400–1276800 | 514400–526700 |
| 14 | 18.2.2022 | 2706800–2764900 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 514400–526700 |
| 15 | 21.2.2022 | 1677900–1736100 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 526700–538900 |
| 16 | 22.2.2022 | 1677900–1736100 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 526700–538900 |
| 17 | 23.2.2022 | 1677900–1736100 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 526700–538900 |
| 18 | 24.2.2022 | 1677900–1736100 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 551200–563400 |
| 19 | 25.2.2022 | 1677900–1736100 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 551200–563400 |
| 20 | 28.2.2022 | 1711600–1791200 | 967600–1001300 | 1019600–1041100 | 1325800–1377900 | 581800–594000 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.2.2022 | 1798 | 1801 | N/A | N/A |
| 2 | 2.2.2022 | 1800 | 1835 | 1880000 | 1877000 |
| 3 | 3.2.2022 | 1809 | 1835 | 1877000 | 1878000 |
| 4 | 4.2.2022 | 1808 | 1810 | 1872500 | 1872000 |
| 5 | 7.2.2022 | 1813 | 1835 | 1880000 | 1878000 |
| 6 | 8.2.2022 | 1824 | 1826 | 1881000 | 1882000 |
| 7 | 9.2.2022 | 1830 | 1832 | 1884000 | 1883000 |
| 8 | 10.2.2022 | 1836 | 1835 | 1886000 | 1884000 |
| 9 | 11.2.2022 | 1828 | 1830 | 1880000 | 1879000 |
| 10 | 14.2.2022 | 1854 | 1854 | 1893000 | 1894000 |
| 11 | 15.2.2022 | 1880 | 1870 | 1903000 | 1903000 |
| 12 | 16.2.2022 | 1854 | 1870 | 1895000 | 1892000 |
| 13 | 17.2.2022 | 1871 | 1970 | 1900000 | 1897000 |
| 14 | 18.2.2022 | 1892 | 1893 | 1900000 | 1896500 |
| 15 | 21.2.2022 | 1898 | 1900 | 1896000 | 1893000 |
| 16 | 22.2.2022 | 1908 | 1911 | 1900000 | 1900000 |
| 17 | 23.2.2022 | 1901 | 1904 | 1899000 | 1898000 |
| 18 | 24.2.2022 | 1920 | 1930 | 1918000 | 1917500 |
| 19 | 25.2.2022 | 1916 | 1918 | N/A | N/A |
| 20 | 28.2.2022 | 1909 | 2000 | 1934000 | 1932500 |

**Source: Bullionvault, etrademyanmar**

# ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.2.2022 to 4 .2 .2022 | 7.2.2022 to 11.2.2022 | 14.2.2022 to 18.2..2022 | 21.2..2022 to 28.2.2022 |
|---|---|---|---|---|---|
| တမတ်ပဲ(2018 crop) | FAQ | 640-660 | 630-650 | 680-700 | 680-700 |
| | SQ | 710-730 | 700-720 | 750-770 | 765-785 |
| | အခွံချွတ် အလုံး/ အခြမ်း | 925-950 | 875-900 | 875-900 | 875-900 |
| | အခွံပါ အခြမ်း | 875-900 | 825-850 | 825-850 | 825-850 |
| မတ်ပဲ (2017 crop) | FAQ | 630-650 | 620-640 | 670-690 | 670-690 |
| | SQ | 700-750 | 690-710 | 740-760 | 755-775 |
| | အခွံချွတ် အလုံး/ အခြမ်း | - | - | - | - |
| | အခွံပါ အခြမ်း | - | - | - | - |
| ပဲတီစိမ်း | FAQ (အညာ) | 710-750 | 700-740 | 700-740 | 680-720 |
| | FAQ (ပခုက္ကူ) | - | - | - | - |
| | ရွှေဝါအသေး (Under 3.5 mm) | 870-900 | 850-870 | 850-870 | 850-870 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 930-950 | 900-930 | 900-930 | 900-930 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 900-930 | 880-910 | 880-910 | 880-910 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | - | - | - | - |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 835-860 | 800-830 | 800-830 | 800-830 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 885-935 | 850-900 | 850-900 | 850-900 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | - | - | - | - |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 700-720 | 680-700 | 695-715 | 725-745 |
| | ဖြူနီ (FAQ) | 680-700 | 660-680 | 675-695 | 705-725 |
| | အဖြူ (FAQ) | 680-700 | 660-680 | 675-698 | 705-725 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 690-710 | 670-690 | 685-705 | 715-735 |
| | ဖြူနီ (FAQ) | 670-690 | 650-670 | 665-685 | 695-715 |
| | အဖြူ (FAQ) | 670-690 | 650-670 | 665-685 | 695-715 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-625 | 575-600 | 575-600 | 575-600 |
| | အခွံချွတ်အခြမ်း | 800-825 | 750-775 | 750-775 | 750-775 |
| ပဲလွန်းဖြူ | FAQ | 800-900 | 600-650 | 550-600 | 575-625 |
| | SQ (12.5 ဇကာ) | 1050 | 800-850 | 750-800 | 750-825 |
| ပဲလွန်းနီ | FAQ | - | - | - | - |
| မြေထောက်ပဲ | FAQ | 900-925 | 825-875 | 825-875 | 850-925 |
| | အခွံချွတ်အခြမ်း | 900-950 | 875-925 | 875-925 | 875-925 |
| | အခွံပါအခြမ်း | 850-875 | 825-850 | 825-850 | 825-850 |
| ပဲထောပတ် | FAQ | 675-700 | 750-850 | 750-850 | 750-850 |
| | အခွံချွတ်အခြမ်း | - | - | - | - |
| | အခွံပါအခြမ်း | - | - | - | - |
| ပြောင်း | | 250-270 | 260-280 | 270-290 | 290-310 |
| နှမ်းဖြူ | | 1200-1300 | 1250-1350 | 1250-1350 | 1250-1350 |
| နှမ်းနက် (စမုံ) | | 1700-1850 | 1700-1850 | 1700-1850 | 1700-1850 |
| နှမ်းမှုန် | | - | - | - | - |
| နှမ်းညို | | 1050-1150 | 1050-1150 | 1050-1150 | 1050-1150 |
| နှမ်းနက်(ရိုးရိုး) | | 1200-1300 | 1200-1300 | 1200-1300 | 1200-1300 |
| ပဲကြီး | | - | - | - | - |
| ပဲယင်း | | 650-675 | 600-650 | 600-650 | 600-650 |
| ဘိုကိတ် | | - | - | - | - |
| နံနံစေ့ | | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.2.20221 to 8.2.2022 | 9.2.2022 to 15.2.2022 | 16.2.2022 to 22.2.2022 | 23.2.2022 to 1.3.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (well Milled Double Polished Sortexed) | 345-355 | 345-355 | 350-355 | 345-355 |
| 2 | Myanmar Long Grain White Rice 10% Broken (well Milled Double Polished Sortexed) | 340-345 | 340-345 | 345-350 | 342-347 |
| 3 | Myanmar Long Grain White Rice 15% Broken (well Milled Double Polished Sortexexd) | 333-337 | 333-337 | 335-340 | 335-340 |
| 4 | Myanmar Long Grain White Rice 20% Broken (well Milled Double Polished Sortexexd) | 330-335 | 330-335 | 330-335 | 330-335 |
| 5 | Myanmar Long Grain White Rice 25% Broken (well Milled Double Polished Sortexexd) | 320-330 | 320-330 | 325-330 | 325-330 |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 330-335 | 330-335 | 330-335 | 330-335 |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 320-325 | 320-325 | 320-325 | 320-325 |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 310-315 | 310-315 | 310-315 | 310-315 |
| 9 | Myanmar Long Grain White Rice 35% Broken (Reasonable Well Milled) | 293-303 | 293-303 | 300-305 | 300-305 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 320-325 | 320-325 | 320-325 | 320-325 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 315-320 | 315-320 | 315-320 | 315-320 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 345-355 | 345-355 | 347-355 | 347-355 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 340-350 | 340-350 | 340-347 | 340-347 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-340 | 335-340 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 345-350 | 345-350 | 345-350 | 345-350 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 340-345 | 340-345 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-340 | 335-340 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 20 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 5% Broken (Well Milled Double Polished Sortexed) | - | - | - | - |
| 21 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 10% Broken (Well Milled Double Polished Sortexed) | - | - | - | - |

**Source: MRF**

## ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Natural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.2.2022 | 88.39 | 91.21 | 255.43 | 4.92 | 275.92 |
| 2 | 2.2.2022 | 88.32 | 89.33 | 258.08 | 4.92 | 274.56 |
| 3 | 3.2.2022 | 87.87 | 89.23 | 260.80 | 5.38 | 276.71 |
| 4 | 4.2.2022 | 90.91 | 91.57 | 266.19 | 5.26 | 285.16 |
| 5 | 7.2.2022 | 91.74 | 93.27 | 269.49 | 4.38 | 291.16 |
| 6 | 8.2.2022 | 91.21 | 92.43 | 267.73 | 4.26 | 283.57 |
| 7 | 9.2.2022 | 89.51 | 90.96 | 263.41 | 4.23 | 279.96 |
| 8 | 10.2.2022 | 89.54 | 91.39 | 264.72 | 4.03 | 282.61 |
| 9 | 11.2.2022 | 89.86 | 91.26 | 265.75 | 3.97 | 281.94 |
| 10 | 14.2.2022 | 94.53 | 95.70 | 276.31 | 4.11 | 294.39 |
| 11 | 15.2.2022 | 94.75 | 95.80 | 276.43 | 4.10 | 294.10 |
| 12 | 16.2.2022 | 91.97 | 93.05 | 266.48 | 4.39 | 286.00 |
| 13 | 17.2.2022 | 91.72 | 92.98 | 264.22 | 4.67 | 281.51 |
| 14 | 18.2.2022 | 91.10 | 92.46 | 264.09 | 4.49 | 277.43 |
| 15 | 21.2.2022 | 90.93 | 93.03 | 266.01 | 4.68 | 277.45 |
| 16 | 22.2.2022 | 94.00 | 96.85 | 275.75 | 4.78 | 286.00 |
| 17 | 23.2.2022 | 92.35 | 97.25 | 272.76 | 4.55 | 281.96 |
| 18 | 24.2.2022 | 95.17 | 99.65 | 278.92 | 4.75 | 291.24 |
| 19 | 25.2.2022 | 95.35 | 101.65 | 282.72 | 4.69 | 294.77 |
| 20 | 28.2.2022 | 96.36 | 102.06 | 281.30 | 4.60 | 297.30 |

Source: Bloomberg Commodities


## ၂၀၂၂၊ ဖေဖော်ဝါရီလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Feb 2022 | * | * | 224.05 | * | * |
| 2 | 02 Feb 2022 | * | * | 223.15 | * | * |
| 3 | 03 Feb 2022 | 144.99 | * | 221.75 | * | 176.40 |
| 4 | 04 Feb 2022 | 146.05 | * | 220.80 | * | 175.85 |
| 5 | 05 Feb 2022 | * | * | 220.80 | * | * |
| 6 | 07 Feb 2022 | 147.28 | * | 222.15 | * | 177.90 |
| 7 | 08 Feb 2022 | 149.48 | * | 222.25 | * | 177.80 |
| 8 | 09 Feb 2022 | 151.27 | * | 221.20 | * | 179.70 |
| 9 | 10 Feb 2022 | 152.40 | * | 220.20 | * | 181.45 |
| 10 | 11 Feb 2022 | 152.92 | * | 218.95 | * | 181.80 |
| 11 | 12 Feb 2022 | * | * | 218.30 | * | * |
| 12 | 14 Feb 2022 | 154.03 | * | 217.05 | * | 180.95 |
| 13 | 15 Feb 2022 | 152.45 | * | 214.10 | * | 177.45 |
| 14 | 16 Feb 2022 | 158.38 | * | 214.45 | * | 178.80 |
| 15 | 17 Feb 2022 | 163.10 | * | 213.10 | * | 176.35 |
| 16 | 18 Feb 2022 | 167.98 | * | 213.55 | * | 180.25 |
| 17 | 19 Feb 2022 | * | * | 213.55 | * | * |
| 18 | 21 Feb 2022 | 170.46 | * | 216.15 | * | 181.75 |
| 19 | 22 Feb 2022 | 173.96 | * | 216.35 | * | 182.95 |
| 20 | 23 Feb 2022 | 173.93 | * | 217.10 | * | 184.75 |
| 21 | 24 Feb 2022 | 173.37 | * | 217.25 | * | 184.05 |
| 22 | 26 Feb 2022 | * | * | 219.15 | * | * |
| 23 | 28 Feb 2022 | 172.00 | * | * | * | 177.20 |

Source: Association of natural rubber producting countr

## ၂၀၂၂၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| Date | Dollar | Earning |
|---|---|---|
| 1.2.2022 | | |
| 2.2.2022 | 1995 | 1990 |
| 3.2.2022 | 2000 | 1990 |
| 4.2.2022 | 1990 | 1975 |
| 7.2.2022 | 1985 | 1977 |
| 8.2.2022 | 1995 | 1990 |
| 9.2.2022 | 1995 | 1987 |
| 10.2.2022 | 1990 | 1980 |
| 11.2.2022 | 1985 | 1970 |
| 14.2.2022 | 1985 | 1975 |
| 15.2.2022 | 1985 | 1975 |
| 16.2.2022 | 1985 | 1970 |
| 17.2.2022 | 1990 | 1970 |
| 18.2.2022 | 1980 | 1970 |
| 21.2.2022 | 1985 | 1970 |
| 22.2.2022 | 1975 | 1965 |
| 23.2.2022 | 1980 | 1965 |
| 24.2.2022 | 1980 | 1963 |
| 25.2.2022 | 1995 | 1963 |
| 28.2.2022 | 2000 | 1965 |




Source: e trade Myanmar

## ၂၀၂၂၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.2.2022 | 1778.0 | 53.546 | 279.52 | 1317.5 | 23.768 | 1545.6 |
| 2 | 2.2.2022 | 1778.0 | 53.562 | 279.52 | 1318.8 | 23.724 | 1552.6 |
| 3 | 3.2.2022 | 1778.0 | 53.619 | 279.52 | 1318.8 | 23.733 | 1550.9 |
| 4 | 4.2.2022 | 1778.0 | 53.911 | 279.52 | 1322.7 | 23.802 | 1545.5 |
| 5 | 7.2.2022 | 1778.0 | 53.879 | 279.64 | 1322.4 | 23.803 | 1543.6 |
| 6 | 8.2.2022 | 1778.0 | 53.920 | 279.23 | 1322.1 | 23.786 | 1541.3 |
| 7 | 9.2.2022 | 1778.0 | 54.117 | 279.54 | 1323.3 | 23.768 | 1541.5 |
| 8 | 10.2.2022 | 1778.0 | 54.415 | 279.58 | 1325.1 | 23.715 | 1537.5 |
| 9 | 11.2.2022 | 1778.0 | 54.398 | 279.64 | 1322.4 | 23.608 | 1532.2 |
| 10 | 14.2.2022 | 1778.0 | 54.607 | 279.56 | 1319.0 | 23.52 | 1544.3 |
| 11 | 15.2.2022 | 1778.0 | 55.023 | 280.09 | 1320.9 | 23.565 | 1537.7 |
| 12 | 16.2.2022 | 1778.0 | 55.012 | 280.65 | 1323.1 | 23.707 | 1535.7 |
| 13 | 17.2.2022 | 1778.0 | 55.226 | 280.63 | 1322.6 | 23.684 | 1544.7 |
| 14 | 18.2.2022 | 1778.0 | 55.346 | 281.01 | 1324.6 | 23.788 | 1543.1 |
| 15 | 21.2.2022 | 1778.0 | 55.381 | 280.72 | 1322.4 | 23.901 | 1546.8 |
| 16 | 22.2.2022 | 1778.0 | 54.851 | 280.59 | 1319.0 | 23.726 | 1547.8 |
| 17 | 23.2.2022 | 1778.0 | 55.140 | 281.56 | 1323.0 | 23.837 | 1544.5 |
| 18 | 24.2.2022 | 1778.0 | 54.725 | 281.15 | 1315.1 | 23.605 | 1550.2 |
| 19 | 25.2.2022 | 1778.0 | 54.666 | 281.45 | 1312.8 | 23.562 | 1542.1 |
| 20 | 28.2.2022 | 1778.0 | 54.448 | 281.88 | 1308.6 | 23.549 | 1537.9 |

Source: Central Bank of Myanmar